# ချင်းအမျိုးသားအဆင့်နိုင်ငံဆွေးနွေးပွဲတွင် ဖက်ဒရယ်အခြေခံမူ ၃၀ ကျော်ချမှတ်

## ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ပါ ခွဲထွက်ပိုင်ခွင့်မူကို ဘုံသဘော တူညီချက်တွင် မထည့်သွင်းရန် သဘောတူ




၁ မတ် ၂၀၁၇

ချင်းပြည်နယ် ထန်တလန်မြို့တွင်ဖေဖော်ဝါရီလ ၂၇ရက်နေ့မှမတ်လ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်သော ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံမူ ၃၀ ကျော် ချမှတ်နိုင်ခဲ့သည်ဟု ချင်းအမျိုးသားတပ်ဦး CNF လက်ထောက်အထွေထွေ အတွင်းရေးမှူးလည်းဖြစ် ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှု ကြီးကြပ်ရေးကော်မတီဝင် ဦးထက်နီကပြောသည်။

"ဒီထန်တလန် အဲန်ဒီမှာ အဓိကကတော့ အနာဂတ် ဖက်ဒရယ်ဖွဲ့စည်းပုံဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ အကြောင်းအရာ ၈ ချက်ပါကိစ္စကို ဆွေးနွေးပြီးတော့မှ အခြေခံမူ၃၀ကျော်လောက်ကို ချမှတ်နိုင်ခဲ့ပါတယ်၊ ကျနော်တို့ အဲဒါတွေကို စုစည်းပြီးတော့မှ ကျင်းပရေးကော်မတီကနေ မကြာခင်ကျင်းပမယ့် ၂၁ ပင်လုံမှာ တင်သွားဖို့ရှိပါတယ်၊ အားလုံးပြောရရင်တော့ ခြုံငုံတယ်လို့ဘဲ ကျနော်တို့ သုံးသပ်၊ မတူညီမှုတွေက သိပ်မရှိပါဘူး၊ ဘုံသဘောထားကတော့ အားလုံးတူညီကြပါတယ်" ဟု ဦးထက်နီက ပြောသည်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင်အနာဂါတ်ဖက်ဒရယ်ဖွဲ့စည်းပုံ ဆိုင်ရာနှင့်ပတ်သတ်ပြီး အချက် ၈ ချက်ဖြစ်သည့် အချုပ်အချာအာဏာ (Sovereignty Power)၊ တန်းတူရေး (Equality)၊ ကိုယ်ပိုင်ပြဌာန်းခွင့် (Self - determination)၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုမူ (Genuine Federal Principles)၊ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကိုကာကွယ်ခြင်း (Ethnic Minority Rights)၊ ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေး၊ ကျားမဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)၊ ပါတီစုံ ဒီမိုကရေစီစနစ် (Multi-party Democracy) နှင့် ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State) တို့ကို ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

(၃) ရက်ကြာ ကျင်းပပြုလုပ်သည့် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် "ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြားအခြေခံမူများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ "ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်ထောင်စုမှ ခွဲထွက်လိုပါက မည်သည့်အချိန်တွင် မဆိုခွဲထွက်ခွင့်ရှိရမည်" ဟုအဆိုပြုလာသူများလည်း ရှိခဲ့သည်။

ဤအဆိုအပေါ် ဆွေးနွေးကြရာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဖြစ်သည့် "ဒို့တာဝန်အရေးသုံးပါး" နှင့် ဆန့်ကျင်မှု ရှိသည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ထိခိုက်လာနိုင်သည့်အတွက် ဘုံသဘောတူညီချက်တွင် မထည့်သွင်းရန် ဆုံးဖြတ်ကြခြင်းဖြစ်သည်ဟုသိရသည်။

ဦးထက်နီက "အခုသွားနေတဲ့ NCA Processes မှာ ဒို့တာဝန်အရေးသုံးပါးအောက်မှာသွားနေတဲ့ NCA ဖြစ်တယ်ပြီးတော့ကျနော်တို့က NCA ရဲ့အဓိကရည်တည်ချက်က ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို သွားနေတာဖြစ်တယ်၊ ဖက်ဒရယ်ဆိုမှတော့ခွဲထွက်ခွင့်ကဘာဖြစ်လို့ထည့်နေရတော့မှာလဲ၊ အဲဒါနဲ့ အဲလိုဖြစ်သွားတယ်၊ NCA သွားနေတဲ့ Processes အတိုင်းက ခွဲထွက်ခွင့်ဆိုတဲ့ ရပ်တည်ချက်ကမရှိဘူး၊ အဲဒါကြောင့် အဲဒီမှာ ခွဲထွက်ခွင့်က မထည့်ရခြင်းဖြစ်တယ်၊ ကျနော်တို့ဒီနေ့သွားနေတာက ပင်လုံစိတ်ဓာတ်ဆိုတဲ့ဟာ ဖက်ဒရယ်ကို အတူတူ တည်ထောင်မယ်ဆိုတဲ့ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ် NCA က သွားနေတာဖြစ်တယ်" ဟု ပြောသည်။

၁၉၄၇ ခုနှစ်ပင်လုံစာချုပ်တွင် သဘောတူထားသော အချက်တွင်ပါဝင်သည့် "တိုင်းရင်းသားများသည် ပြည်ထောင်စုမှ ခွဲထွက်လိုပါက ခွဲထွက်ခွင့်ရှိစေရမည်" ဟု ချင်း၊ ကချင်၊ ရှမ်း၊ ဗမာ ခေါင်းဆောင်များက ရေးဆွဲချမှတ်ခဲ့သည့် အခြေခံမူကို လေးစားအသိအမှတ်ပြုသည့်အနေဖြင့် ဆက်လက်မှတ်တမ်းတင် မှတ်သားထားရန် ချင်းအမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲတွင် သဘောတူခဲ့ကြသည်။

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် တပ်မတော်၊ အစိုးရနှင့် လက်နက်ကိုင်အင်အားစုများအကြား နားလည်မှု၊ ယုံကြည်မှုရရှိရန် အရေးကြီးသည့်အချက်ဖြစ်သောကြောင့် ချင်းအမျိုးသားများကလည်း အစိုးရအပေါ် အယုံအကြည်အပြည့် အဝထားသင့်ကြောင်း၊ ထိုမှသာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်အကောင်အထည် ဖော်နိုင်မှာဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုးထန်ကပ်က "ဒီဟာက သံကြိုးလိုဘဲ၊ ကြိုင်းကြိုးနဲ့တူတယ်၊ တန်းတူရေး၊ ဖက်ဒရယ်နဲ့ ခွဲထွက်မှုက တစ်ခုပြုတ်လိုက်ရင်ကျန်တဲ့သုံးခုက သူဟာပြုတ်ချလိုက်မယ် အဲဒါကိုမယုံမရှိနဲ့ သမိုင်းအနှစ် ၆၀ မှာခွဲထွက်ရေးမူကိုပယ်ဖျက်လိုက်တော့ဦးနေဝင်းက တဆက်တည်းမှာ ဖက်ဒရယ်မူလည်းပျောက်သွားတယ် တန်းတူရေးလည်းပျောက်သွားတယ် လူမျိုးကြီးစိတ်ဓာတ်ရှိတဲ့ ခေါင်းဆောင်တွေက ခွဲထွက်မှုကို သူတို့ကကြောက်တယ်လေ တရားဝင်ကြီးသွားဖြစ်တာကိုး ဒီ Legal right ကို သွားဖျက်လိုက်တော့ ဘာမှမှုတော့ဘူးလေ၊ တန်းတူရေးကိုလည်းဂရုမစိုက်တော့ ဖက်ဒရယ်လည်းထား ပေးချင်ပေးမယ် မပေးချင်နေဆိုတဲ့ပုံစံနဲ့သွားနေတော့ သမိုင်းကြောင်းကိုကြည့်ခြင်းအားဖြင့် ခွဲထွက်ရေးမူသာရှိခဲ့ရင် ကျနော်တို့က သူတို့အတွက် အရမ်းရမ်းကားလို့မရဘူး ဆိုတဲ့ သဘောဖြစ်သွားတာပေါ့နော်" ဟုပြောသည်။

ယခုအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ထွက်ရှိလာသော ချင်းလူမျိုးများ၏ ဘုံသဘောထားရပ်တည်ချက်များကိုလာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးတွင် တင်ပြသွားကြမည် ဖြစ်သည်။ ထန်တလန်မြို့၊ TBC ဘုရားကျောင်းတွင် ကျင်းပသော အဆိုပါနိုင်ငံရေးဆွေးနွေးပွဲတွင် ချင်းအမျိုးသား တပ်ဦးမှ (၁၅၁) ဦး၊ တရားဝင်နိုင်ငံရေးပါတီမှ (၂၀၂) ဦး၊ ချင်းအရပ်ဖက်လူ့အဖွဲ့အစည်းမှ (၁၆၁) ဦး ပါဝင်သင့် ပါဝင်ထိုက်သူ (၂၀) ဦး စုစုပေါင်း ကိုယ်စားလှယ် (၆၅၂) ဦးပါဝင်တက်ရောက်ခဲ့ကြသည်ဟု သိရသည်။■



## ချင်းလူမျိုးများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မရှိသ၍ ချင်းပြည်အတွင်းရှိ သဘာဝ သယံဇာတ ထုတ်ယူခွင့် မပြုလုပ်ရန်တောင်းဆို



၀၉ မတ်လ ၂၀၁၇

မြန်မာနိုင်ငံ ဖက်ဒရယ်စနစ်ဖေါ်ဆောင်ပြီး ချင်းလူမျိုးများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မရှိသ၍ချင်းပြည်အတွင်းရှိသဘာဝသယံဇာတထုတ်ယူခွင့် မပြုလုပ်ရန် "ချင်းတောင်ဒေသ သဘာဝ သယံဇာတ စောင့်ကြည့်ရေးအဖွဲ့" က တောင်းဆိုလိုက်ပါသည်။

"ကျနော်တို့လိုချင်တာကတော့ သယံဇာတဆိုင်ရာ၊ စီမံမှု၊ အခွန်ဘဏ္ဍာကအစ ပွင့်လင်းမြင်သာမှုရှိဖို့ကိုစောင့်ကြည့်ပေးနိုင်ဖို့၊ သိန်းသန်းရှိနေတဲ့ လူမျိုးနွယ်စုတွေရဲ့ အမွေအနှစ်၊ ခံစားပိုင်ခွင့်တွေ ရရှိနိုင်ရန်နဲ့ အဲဒီဒေသခံတွေကို အခြေခံပြီး သက်ဆိုင်ရာကနေ ဆုံးဖြတ်ချက်ချတဲ့အခါ ပြီးပြည့်စုံဖြစ်နိုင်ဖို့ လုပ်ဆောင်နေပါတယ်" ဟု ချင်းတောင်ဒေသ သဘာဝ သယံဇာတ စောင့်ကြည့်ရေးအဖွဲ့ တာဝန်ခံ ဆလိုင်း ခိုင်ဇပေါင်က ဆိုပါသည်။

လက်ရှိ ကန်ပက်လက်မြို့နယ်၊ လဲပုံအုပ်စုရှိ ရင်ကွဲတောင်တွင် ကျော်စွာကုမ္ပဏီက ဒြပ်သတ္တုတူးဖေါ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းသည် ၄င်းဒေသရှိကျေးရွာလူထုများကို အသေးစိတ်ရှင်းလင်းတင်ပြပေးခြင်း မရှိသည့်အတွက် ရွာသားများ ဆိုးကျိုးခံစားမည့် အခြေအနေတွင်ရှိနေကြောင်း သိရပါသည်။

သတ္တုတူးဖေါ်ပြီး ဒြပ်စင်သည့်အခါ အက်စစ်တစ်မျိုးကိုအသုံးပြုသည့်အတွက် နွား(၂၀)ကောင်သေဆုံးပြီး အုန်းသီးထွက်နှုန်း အဆမတန်ကျဆင်းလာကြောင်း ဒေသခံများ၏ ပြောဆိုချက်ကို ဆလိုင်း ခိုင်ဇပေါင်က ထောက်ပြပါသည်။

ကျော်စွာ ကုမ္ပဏီက တူးဖေါ်နေသည့် ရင်ကွဲတောင် ဒြပ်သတ္တုစမ်းသပ်တူဖေါ်မှုကို ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရက ခွင့်မပြုရန် ၂၀၁၇ ခုနှစ် ဖေဖေါ်ဝါရီလ (၂၄–၂၅) ရက်နေ့များတွင် စာပေးပို့ခြင်းနှင့် သက် ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

"ရင်ကွဲတောင်ရဲ့ သဘာဝ သယံဇာတ တူးဖေါ်ရေးကို ကျော်စွာကုမ္ပဏီ မပေးသင့်ကြောင်း၊ ချင်းလူမျိုးအတွက်အနာဂတ်ကိုများစွာအထောက်အကူပေးနိုင်တဲ့ အဲဒီသတ္တုတိုက်ဟာ လက်တစ်စုတ်စာခရိုနီလက်ထဲမရောက်ရှိဖို့ ကျနော်တို့ ပြည်နယ်အစိုးရကို တင်ပြခဲ့တာဖြစ်တယ်"လို့ ချင်းတောင်ဒေသ သဘာဝ သယံဇာတ စောင့်ကြည့်ရေး အဖွဲ့၊ အဖွဲ့ဝင် ဆလိုင်း မင်းညို က ပြောဆိုခဲ့ပါသည်။

ကျော်စွာကုမ္ပဏီအနေဖြင့် ဒေသခံ ပြည်သူများကို အသိပေးခြင်း၊ သဘောထားရယူခြင်း မရှိဘဲ စမ်းသပ်တူးဖေါ်ခြင်းရှိမရှိသက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သေချာဆန်းစစ်သင့်ကြောင်း ပြည်နယ်အစိုးရထံ အကြံပြုထားပါသည်။■

## မီဇိုရမ်နှင့်မြန်မာနိုင်ငံရှိ ဇိုး(ချင်း)မျိုးနွယ်စုများအကြား ပို၍ကောင်းမွန်သည့် စည်းလုံးမှုဖြစ်လာရန် MWO မျှော်မှန်း

၀၇ မတ်လ ၂၀၁၇

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ယခုလ ၃ ရက်နေ့ကကျင်းပသော မီဇိုးရိုးရာ ChapcharKutပွဲတော်သို့ သွားရောက်ပါဝင်နိုင်ခဲ့ခြင်းအားဖြင့် မီဇိုရမ်နှင့်မြန်မာနိုင်ငံရှိဇိုး(ချင်း)မျိုးနွယ်စုများအကြား သွေးစည်းညီညွတ်မှု ပိုမိုရှိလာမည်ဟု မျှော်လင့်ကြောင်း ကလေးမြို့ တာဟန်းရပ်ကွက် Mizo Welfare Organization(MWO) Tahan အဖွဲ့က ပြောသည်။

*Editorial ......*

## ချင်းလူမျိုးတွေ အရေးကြုံလာရင် သွေးစည်းကြတယ်ဆိုတာ ထန်တလန်မြို့ဆွေးနွေးပွဲက သက်သေပြ

ဖေဖော်ဝါရီ ၂၇ ကနေ မတ်လ ၁ ရက်နေ့အထိ ထန်တလန်မြို့မှာကျင်းပခဲ့တဲ့ "ချင်း" အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဟာ အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားခဲ့ပြီး အနာဂတ်ဖက်ဒရယ်ပြည် ထောင်စု တည် ဆောက် ရေးမှာ အလွန်အရေးပါမယ့် ချင်းလူမျိုးတွေရဲ့ ဘုံသဘောထားကိုလည်း စုစည်းနိုင်ခဲ့ကြတယ်လို့ဆိုရမှာပါ။

ကနဦးပိုင်းမှာတော့ ချင်းပြည်နယ်မှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မကျင်းပသေးဘဲ ဆိုင်းငံ့ထားဖို့ ပြည်ထောင်စုဘက်က လုပ်ဆောင်ခဲ့တာပါ။ သူတို့အကြောင်းပြချက်ကတော့ ချင်းလူမျိုးတွေ စည်းလုံးမှု မရှိကြဘူး၊ တောင်ပိုင်း မြောက်ပိုင်း အုပ်စုကွဲနေကြတယ် သတ်မှတ်အချိန်ကာလမှာ ပြီးပြတ်အောင် မကျင်းပနိုင်လောက်ဘူးဆိုပြီး အထင်သေးတဲ့ပုံစံနဲ့ ပြည်ထောင်စုအစိုးရဘက်က ပြောဆိုခဲ့တာပါ။

တကယ်တမ်းတော့ ဒီချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပဖို့ဆိုတာ ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦး၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပါသင့်ပါထိုက်ပုဂ္ဂိုလ်တွေနဲ့ ကျင်းပရ မှာဖြစ်ပါတယ်။

အဲဒီလိုကျင်းပဖို့အတွက်ကို အစောပိုင်းကတည်းက ချင်းပြည်နယ်ဟာ အဆင်သင့်ဖြစ်ခဲ့ပြီးသားပါ။ ပြည်ထောင်စုဘက်က ခွင့်ပြုချက်တစ်ခုလေးကိုသာ စောင့်နေခဲ့ရပေမယ့် ပြည်ထောင်စုအစိုးရဘက်ကနေ ခွင့်ပြုချက်မပေးခဲ့ပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ချင်းနိုင်ငံရေးပါတီ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ CNFကိုယ်တိုင်က ခွင့်ပြုပေးဖို့ တောင်းဆိုလာတာကြောင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြန်လည်ခွင့်ပြုခဲ့တာကြောင့် ဖေဖော်ဝါရီလကုန်ပိုင်းမှာ ကျင်းပနိုင်ခဲ့ကြတာပါ။ ဒီဆွေးနွေးပွဲမှာ ချင်းပြည်နယ်အတွင်းသာမက ချင်းပြည်နယ်ပြင်ပမှာနေထိုင်ကြတဲ့ ချင်းလူမျိုး ၆၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ် ဦးငိုင်ဆာခ့်ရဲ့ စကားကို ငှါးသုံးရရင် "စည်းလုံးညီညွတ်မှုဆိုတာ လူအားလုံးသဘောထား တစ်ထပ်ထဲ ကျတာကိုပြောတာမဟုတ်ဘူး။ မတူကွဲပြားသောအမြင်သဘောထားများကို စုစည်းပြီး ညီညွတ်တဲ့ အသံထွက်တာကို ဆိုလိုတာဖြစ်ပါတယ်"။

ချင်းလူမျိုးတွေ စည်းလုံးမှုမရှိကြဘူး၊ တောင်ပိုင်း မြောက်ပိုင်း အုပ်စုကွဲနေကြတယ် မညီညွတ်ကြဘူး ဆိုတဲ့စွပ်စွဲပြောဆိုချက်တွေဟာချင်းတွေစည်းလုံးကြမှာကို မလိုလားသူတွေရဲ့ ပြောစကားသာဖြစ်ပါတယ်။

ချင်းလူမျိုးတွေဟာ အရေးကြုံလာရင် သွေးနီးကြတယ်၊ သွေးစည်းကြတယ်၊ စည်းလုံးကြတယ်ဆိုတာ ဒီထန်တလန်မြို့ ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးက သက်သေပြလိုက်တာပါဘဲ။■



"Chapchar Kut ပွဲတော်ကို သွားရောက်ပြီး ပါဝင်ခဲ့ခြင်းအားဖြင့် မီဇိုရမ်နှင့်မြန်မာပြည်ရှိ ဇိုး(ချင်း)မျိုးနွယ်စုများ ပို၍ကောင်းမွန်သည့် စည်းလုံးမှုနှင့် ဆက်ဆံမှုရှိလာနိုင်ဖို့ဟာ အလိုချင်းဆုံးဖြစ်တယ်။ ထိုနည်းတူ မတ်လ ၂၃ ရက်နေ့တွင် တာဟန်မှာပြုလုပ်မည့်

စာ (၁၁) သို့

# သက်မွန်မြင့် ဒုတိယမြောက် အကယ်ဒမီဆု ဆွတ်ခူးလေမလား

၀၈ မတ်လ ၂၀၁၇

၂၀၁၆ခုနှစ်အတွက်အကယ်ဒမီ ထူးချွန်ဆုပေးပွဲ အခမ်းအနားအား မတ်လ (၁၈) ရက်နေ့၊ စနေနေ့တွင် ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ပြီး၊အမျိုးသမီးသရုပ်ဆောင်ဆုအတွက် ချင်းအမျိုးသမီးသရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့် (Mai Zung Cer Mawi) လည်း ထင်ကြေးပေး ပြောဆိုမှုများ ရှိသည်ဟု သိရသည်။

အကယ်ဒမီ သက်မွန်မြင့်သည် ၂၀၁၆ ခုနှစ်အတွင်း၌ ရုံတင်ဇတ်ကားကြီး (၄) ကားတွင် ပါ၀င်သရုပ်ဆောင်ထားပြီး၊ ယင်းတို့မှာ "ချစ်လှစွာသောအမုန်း"၊ "အုတ်ကြားမြက်ပေါက်"၊ "ပြန်ခေါ်သက်သေ"နှင့် "လူးရတနာသိုက်"တို့ ဖြစ်ကြသည်။

ယင်းဇတ်ကားများထဲမှ စာရေးဆရာမ ပုညခင်၏ ၀တ္ထုဖြစ်သော "ချစ်လှစွာသောအမုန်း"ဇတ်ကားဖြင့် အမျိုးသမီး ဇတ်ဆောင်ဆုရရှိနိုင်သည်ဟု ထင်ကြေးပေးပြောဆိုမှုများ ရှိနေကြခြင်းဖြစ်သည်။ ယင်းဇတ်ကားတွင် အောင်ရဲလင်း၊ ၀တ်မှုန်ရွှေရည်တို့ဖြင့်သရုပ်ဆောင်ထားခြင်းဖြစ်သည်။



ယခုနှစ်အတွက် အမျိုးသမီး ဇတ်ဆောင်ဆုအတွက် သက်မွန်မြင့်နှင့်အတူ အေးမြတ်သူ၊ အိန္ဒြာကျော်ဇင်တို့ အမည်ထွက်ပေါ်နေမှုများရှိပြီး၊ အမျိုးသားဇတ်ဆောင်ဆုအတွက်မင်းသားနေတိုးနှင့် မြင့်မြတ်တို့၏ အမည်များ လည်းရေပန်းစားလျက်ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်းတွင် ရုပ်ရှင်ဇတ်ကားကြီး (၂၃) ကား ရုံတင်ပြသနိုင်ခဲ့သည်ဟု သိရသည်။

သက်မွန်မြင့်သည် ၂၀၁၀ ခုနှစ်တွင် "အာဒံရယ်၊ ဒသရယ်၊ ဧ၀ရယ်" ဇတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇတ်ဆောင်ဆုအား ရရှိနိုင်ခဲ့သူဖြစ်သည်။

Mai Zung CerMawi (aka) အကယ်ဒမီသက်မွန်မြင့်သည် ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် ဖွားမြင်ကြီးပြင်းပြီး၊ငယ်ရွယ်စဉ်ကလည်းချင်းပြည်နယ်အား ကိုယ်စားပြုကာ ဂျပန်နိုင်ငံ၌ ပညာတော်သင်အဖြစ် စေလွှတ်ခြင်း ခံခဲ့ရသူဖြစ်သည်။

ထို့အပြင် ဟားခါးမြို့၌ကျင်းပခဲ့သော ကျောင်းသားအားကစားပွဲတော်၌လည်း လှယဉ်ကျေးမယ်နှင့် ရိုးရာ၀တ်စား ဆင်ယင်မှုပြပွဲတို့တွင် ချင်းပြည်နယ်အတွက် ကိုယ်စားပြု ဆုတံဆိပ်များဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

၂၀၁၇ဖေဖော်၀ါရီလ(၂၀-၂၂)တွင်ကျင်းပခဲ့သောဖလမ်းမြို့နှစ်(၁၂၅)ပြည့် အခမ်းအနားတွင် အထူး ဂုဏ်ပြုဆုအား လူပုဂိုလ်(၃)ဦးအား ချီးမြှင့်ရာတွင် သက်မွန်မြင့်သည် တဦးအပါအ၀င် ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကိုစစ်နိုင်နှင့် အိမ်ထောင်ပြုပြီး၊ သားသမီးနှစ်ဦးတို့၏ မိခင်ဖြစ်သည်။

Chin World

# ဘွာလ်ပီးကျေးရွာတွင် ပြန်လည်နေထိုင်ခွင့်ပေးဖို့ မူလနေထိုင်ခဲ့သူတွေ တောင်းဆို

၀၅ မတ် ၂၀၁၇

ချင်းပြည်နယ်အစိုးရက ဖျက်သိမ်းလိုက်တဲ့ ဖလမ်းမြို့က ဘွာလ်ပီးကျေးရွာမှာပြန်လည်နေထိုင်ခွင့်ပေးဖို့ အဲ့ဒီ ကျေးရွာမှာ နေထိုင်ခဲ့သူတွေက မတ်လ (၅) ရက်နေ့က ကလေးမြို့မှာ ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲပြု လုပ်ပြီး တောင်းဆိုခဲ့ကြသည်။

ရေဘေးကြောင့် ပြောင်းရွှေ့လာကြသူတွေနဲ့ နေစရာအိမ်မရှိတဲ့ လူတွေဖြစ်တာကြောင့် နေထိုင်ခွင့်ပြန်ပေးဖို့တောင်းဆိုတာဖြစ်တယ်လို့ ဘွာလ်ပီးကျေးရွာမှာနေထိုင်ခဲ့သူတစ်ဦးဖြစ်တဲ့ ဦးဟရန်းလျံကပ် က ပြောသည်။

"ဒုက္ခအမျိုးမျိုးကြောင့်ပေါ့နော်။ အများစုကတော့ ရေဘေးဒုက္ခနဲ့လို့ပြောရင် ရမှာပေါ့နော်။ စိုးရိမ်ကြတာနဲ့ နေစရာ အိမ်မရှိတဲ့သူတွေ အိမ်မရှိတဲ့အတွက်ကြောင့်လည်းဖြစ်ကြတယ်။ အဲ့ဒါ အများဆုံးကတော့။ အဲ့ဒီရွာကို အမြန်ဆုံး ပြန်တည်ဖို့ရယ်၊ ပြီးတော့ ကိုယ့်ရဲ့အိမ်၀န်းလေးတွေပြန်ရဖို့ရယ် ပေါ့နော်။"ဟု သူကပြောသည်။




အိမ်ခြေ ၃၀၀ ကျော်လောက်ရှိတဲ့ဘွာလ်ပီးကျေးရွာကိုချင်းပြည်နယ်အစိုးရကပြီးခဲ့တဲ့ ၂၀၁၆ခုနှစ်စက်တင်ဘာလ ၁ ရက်နေ့က စက်ယန္တယားကြီးတွေနဲ့ ဖြိုချဖျက်ဆီးခဲ့တာဖြစ်ပြီး အဲဒီကျေးရွာမှာ နေထိုင်တဲ့ သူတွေကိုလည်း အကုန်မောင်းထုတ်ခဲ့ခြင်းဖြစ်သည်။

နေအိမ်တွေ ဖျက်ဆီးခံရတာကြောင့်နေစရာ အခက်အခဲ၊ စား၀တ်နေရေး အခက်အခဲရင်ဆိုင်နေကြပြီး ပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရထံ အကြိမ်ကြိမ်အကူအညီတောင်းခံခဲ့ကြပေမယ့်လည်း ယနေ့ချိန်ထိလျစ်လျူရှုခံနေရတယ်လို့သတင်းစာရှင်းလင်းပွဲမှာပြောဆိုကြသည်။

ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ်ချင်းပြည်နယ်မှာ သဘာ၀ဘေးဒဏ်ကျရောက်ခဲ့တဲ့နောက်ပိုင်း ဖလမ်း၊ မင်းတပ်၊ မတူပီ၊ တီးတိန် နဲ့ ကလေးမြို့ဘက်က ရေဘေးဒုက္ခသည်တွေနဲ့ နေအိမ်မရှိကြတဲ့ ချင်းပြည်သူတွေက ဘွာလ်ပီးဒေသကို ပြောင်းရွှေ့အခြေချလာခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာတော့ ဘွာလ်ပီးကျေးရွာဆိုပြီး ရွာတည်ခဲ့ကြခြင်းဖြစ်သည်။

ချင်းပြည်နယ်အစိုးရကတော့ သူတို့တွေဟာ ရေဘေးဒုက္ခသည်အစစ်တွေမဟုတ်တဲ့အပြင် ဘွာလ်ပီးဒေသဟာ ဆီးယင်းသစ်တောကြိုးဝိုင်းပိုက်နက်ထဲမှာတည်ရှိတာကြောင့် ရွာတည်ပြီးနေထိုင်ခွင့်မရှိဘူးဆိုပြီး ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်။

ဒုက္ခအမျိုးမျိုးကြောင့် ပေါ့နော်။ အများစုကတော့ ရေဘေးဒုက္ခနဲ့ လို့ပြောရင် ရမှာပေါ့နော်။ စိုးရိမ်ကြတာနဲ့ နေစရာ အိမ်မရှိတဲ့သူတွေ အိမ်မရှိတဲ့အတွက်ကြောင့်လည်း ဖြစ်ကြတယ်။ အဲ့ဒါ အများဆုံးကတော့။အဲ့ဒီရွာကိုအမြန်ဆုံးပြန်တည်ဖို့ရယ်၊ ပြီးတော့ ကိုယ့်ရဲ့အိမ်၀န်း လေးတွေ ပြန်ရဖို့ရယ်ပေါ့နော်။

THE KHONUMTHUNG NEWS JOURNAL

Editorial Board

Chief Editor - J.Sangtea

Managing Editor - Tui Dim

Editor - Salai Robert

T.V Incharge - Tui Dim

Reporter - Moe Kyaw
- Aung Ling
- Rokung
- Hniangte
- Biesoh

Layout Design - Moe Kyaw

Board Member
- Lawma
- David Lalrin
- Hlai Myo Thein

Distribution Managers
Justina

Advisory Board
T. Panglai
Baenard L.Chhangte

Producer
J. Hmingthansanga
5/KLT (N) 117352

လက်မှတ်အမှတ် - 01183

Address
Tahan, Kalaymyo
Registration No. 01183

Printing Press -
Thukha Myaing , Offset
Mandalay

# နယ်ချဲ့ဗြိတိသျှတော်လှန်ရေးနှင့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ခ) ဗိုလ်စွန်ပက်နှင့် ချင်းလူမျိုးတို့၏ နယ်ချဲ့တော်လှန်ရေး သမိုင်းအကျဉ်း – အပိုင်း(၃) နိဂုံး

*Salai Van Cung Lian (UK)*



တာရှန်းရွာမှ ဖလမ်းရှိ ဗိုလ်ကြွန်ဘိခ်နေအိမ်

ချင်းတပ်ပေါင်းစု၏ ဗြိတိသျှနယ်မြေ စစ်ဆင်ရေး

တာရှန်းတို့သည် စော်ဘွားဟောင်း၊ ရွှေဂျိုဖြူနှင့် အပေါင်းအပါများအား ဗြိတိသျှလက်ထဲသို့အပ်နှံရန် ငြင်းဆိုသောအခါ ဗြိတိသျှနှင့် ချင်းတောင်ဆက်ဆံရေးသည် အတင်းမာဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။ စစ်ပွဲရှောင်လွှဲလို့ မရတော့သည့်အခြေနေတွင် ရှိပြီးဖြစ်သောကြောင့် တာရှန်းတို့အနေနှင့် ဗြိတိသျှအစိုးရအား အသာစီးရရန် မြေပြန့်အားစတင်တိုက်ခိုက်တော့သည်။ ၁၈၈၈ ခုနှစ်အောက်တိုဘာလမှစ၍ တာရှန်း၊ စော်ဘွားဟောင်းနှင့် အပေါင်းအပါများ၊ ရွှေဂျိုဖြူနှင့် အပေါင်းအပါများနှင့် စီးယင်းမျိုးနွယ်စုတို့သည် ဗြိတိသျှစစ်ဆင်ရေးစတင်ရတော့သည်။

အောက်တိုဘာလအတွင်း မြေပြန့်တိုက်ခိုက်မှုများမှာ

၁၈၈၈ အောက်တိုဘာ ၁၄ – ချင်းအမတ်ကြီးဟောင်းမောင်သွှန်း ဦးဆောင်သည့် ဗမာစစ်သား ၃၀၊ ရွှေဂျိုဖြူဦးဆောင်သောတပ်သားအချို့နှင့် Minledaung မှ ချင်းတပ်သားတို့သည် မှန်းဘင် (Hmanbin) ရွာအားတိုက်ခိုက်ခဲ့ကြသည်။ သင်သား (Tintha)ဘက်မှတိုက်ခိုက်ခဲ့ကြပြီးလာရာလမ်းအတိုင်း တောင်ပေါ်သို့ ပြန်တက်သွားခဲ့ကြသည်။ တစ်ရက်တည်းမှာဘဲ စီးယင်စစ်သည်တော် ၁၀၀ သည် ရေဇကြိုလ်နှင့် လေးမိုင်ကွာတွင်တည်ရှိသောရွာအားဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့မှာဘဲ စီးယင်းစစ်သား ၁၄ ယောက်မှလည်း တောင်ကူးရွာ အားတိုက်ခိုက်ခဲ့ကြသည်။

၁၈၈၈ အောက်တိုဘာ ၂၀ – ဗြိတိသျှရဲတပ်ဖွဲ့ကင်းစောင့်ထားသော ကလေးအား စီးယင်းစစ်သည်တော် ၄၀၀ မှဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ကလေးမှ လေးယောက်သွေ့ဏ်ရာရပြီး အယောက် ၄၀ အဖမ်းခံရသည်။ ဗြိတိသျှခံတပ် အမှတ် (၁) ဖြစ်သော ကန်ပုလဲမှ ဗြိတိသျှစစ်တပ်တို့သည် သတင်းကြားကြားချင်း စီးယင်းချင်းစစ်သားများ လိုက်လံခဲ့ကြသည်။ ကလေးနှင့် ၄ မိုက်ကျော်ထိ လိုက်လံပြီးမှ စခန်းသို့ ပြန်လှည့်သွားကြသည်။

၁၈၈၈ အောက်တိုဘာ ၂၃ – တာရှန်းစစ်သားများမှ မြစ်သာမြစ်အနီးတစ်ဝိုက်ရှိ ရွာများသွားရောက်တိုက်ခိုက်ခဲ့ကြသည်။

၁၈၈၈ အောက်တိုဘာ ၂၄– တာရှန်းစစ်သည်တော်တို့သည် ဗြိတိသျှတို့၏ အမှတ်(၁)ခံတပ်ဖြစ်သောကန်ပုလဲအား သွားရောက်တိုက်ခိုက်ခဲ့ကြသည်။ ကန်ပုလဲအနီးရှိ ရွာတစ်ရွာလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။ အမှတ် (၁) ခံတပ်တွင်ရှိသော အိန္ဒိယတပ်သားများသည် ခံတပ်အား သွားမကယ်ရဲကြပါ။ ထိုစစ်သားများအား ဗြိတိသျှစစ်တပ်မှ ပြောင်းစေခဲ့ပြီး အထက်ချင်းတွင်းမှ တပ်ရင်းတစ်ခုနဲ့ အစားထိုးခဲ့ကြသည်။

၁၈၈၈ အောက်တိုဘာ ၂၉ – တာရှန်းစစ်သားများမှ ကန်ကြီးနှင့် လောင်ရှည် (Laungshe) ရွာအား သွားရောက်တိုက်ခိုက်ခဲ့ကြသည်။

၁၈၈၈ အောက်တိုဘာ ၃၀ – ဗိုလ်လခေါင်းဆောင်သော ဗမာစစ်သား ၃၇ ယောက် စစ်ကိုင်းဘက်သို့ သွားရောက်ချီတက်ခဲ့ကြသည်။

ချင်း–ဗမာမဟာမိတ်တို့၏ ဗြိတိသျှပိုင်မြေပြန့စစ်ဆင်မှုကြောင့် ဗြိတိသျှစခန်းနှင့် ထိုဒေသမှရွာများသည် အထိနာခဲ့ရသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရသည်လည်း ချင်းတောင်အား သိမ်းပိုက်ရန် စီစဉ်ကြရတော့သည်။

ချင်းတောင်သိမ်းပိုက်ရန် ဗြိတိသျှ စစ်တပ်မှ စီစဉ်ခြင်း

ဗြိတိသျှစစ်တပ်သည်လည်း ဗမော်၊ ပခုက္ကူနှင့် မဏိပူရ်မှစစ်တပ်များဖြင့် အင်အားဖြည့်တင်းပြီး ချင်းတောင် သိမ်းပိုက်ရန် ပြင်ဆင်ခဲ့ကြသည်။ ဗြိတိသျှစစ်တပ်သည် ဖလမ်းကောင်စီခေါင်းဆောင်များထံသို့ စော်ဘွားဟောင်းနှင့် အပေါင်းအပါများ၊ ရွှေဂျိုဖြူမင်းသားနှင့် အပေါင်းအပါများအား လက်လွှတ်ရန် ရာဇသံ ထပ်မံပေးပို့ခဲ့ကြသည်။ နောက်ပြီး စီးယင်းခေါင်းဆောင်တို့ထံသို့လည်း ဗိုလ်ခိုင်ကမ်းနှင့် သူ့ဖမ်းဆီးသွားသည့်လူများအား ၎င်းတို့လက်ထဲသို့ အပ်နှံရန် ရာဇသံပေးခဲ့ကြသည်။ ထိုရာဇသံအား ဖလမ်းကောင်စီနှင့် စီးယင်းကောင်စီမှ လျှစ်လျူရှုသောအခါ ဗြိတိသျှတို့သည် ချင်းတောင်အား သိမ်းပိုက်ရန် ပြင်ဆင်ပြီး ချင်းတောင်တန်းဒေသသို့ချီတက်ရန်လမ်းစတင်ဖောက်လုပ်ခဲ့ကြသည်။ တစ်ပြိုင်တည်း ကလေး၊ ကဘော်နှင့် ယောနယ်များတွင်လည်း စစ်တပ်အင်အားဖြည့်တင်းခဲ့ကြသည်။ Capt. Raikes နှင့် သူ့လက်ထောက် Mr.Hall သည်လည်း ချင်းတောင်အကြောင်း ထောက်လှမ်းစုံစမ်းခြင်းများဆက်လက်ပြုလုပ်ခဲ့ကြသည်။ ဗြိတိသျှစစ်တပ်၏ အစီအစဉ်မှာ စီးယင်းနယ်အား ချေမှုန်းပြီးနောက် တာရှန်းတို့ထံသို့ စော်ဘွားဟောင်းများ၊ ရွှေဂြိုးဖြူနှင့်အပေါင်းအပါများအား လက်လွှတ်နိုင်ရေး ထပ်မံဆွေးနွေးရန်တို့ဖြစ်သည်။ ဗြိတိသျှစစ်တပ်သည် အမှတ် (၁) ခံတပ်အား ကန်ပုလဲတွင် စခန်းချခဲ့ကြပြီးချင်းတောင်ခြေရင်းအထိလမ်းဖောက်လုပ်ခြင်းအား ၁၈၈၈ ခုနှစ်၊ ဒီဇင်ဘာလအစောပိုင်းတွင်ပြီးစီးပြီးအမှတ်(၂)ခံတပ်အားဇောလ်ကင်း(ယခုခိုင်ကမ်းရွာ)တွင် စခန်းချခဲ့ကြသည်။

ဗြိတိသျှတို့၏ ချင်းတောင်အရှေ့ပိုင်း စစ်ဆင်ရေး (၁၈၈၈–၁၈၈၉)

ဗြိတိသျှတို့ဟာ စီးယင်းနယ်ကို စတင်သိမ်းပိုက်ဖို့ ကြိုးစားပြီး စီးယင်းနယ်မှာ လမ်းများ စတင်ဖောက်လုပ်ခဲ့သည်။ စီးယင်း၊ ကမ်ဟောင်နှင့် စုတ်သဲတွေက လမ်းဖောက်သူတွေကို ၁၈၈၈ ဒီဇင်ဘာလကနေစပြီး စတင်တိုက်ခိုက်ခဲ့သည်။ တာရှန်းနဲ့စီးယင်းတွေကို တဦးနဲ့တဦး ချိတ်ဆက်ပြီး စည်းလုံးညီညွတ်စွာနဲ့ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၈၈၈ ဒီဇင်ဘာလ ၃ ရက်နေ့မှာ တာရှန်းဦးဆောင်သောတပ်ဖွဲ့မှ စီဟောင်း၊ ကျော်ရွာ၊ ကွန်ဒူနဲ့ 42nd Gurkha Light Infantry စခန်းတွေကို တရှိန်ထိုးတိုက်ခိုက်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ စီးယင်းတွေက အင်းဒင်ကို တိုက်ခိုက်ပြီး Kamhau နဲ့ Sukteတို့ကလည်းတစ်ချိန်တည်းကန်ကြီးရွာတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဗြိတိသျှအရာရှိ Mr. Carey က "စီးယင်းနယ်တွေကိုသိမ်းပိုက်ဖို့စိုင်းပြင်းနေချိန်မှာချင်းလူမျိုးတွေဟာ ကျနော်တို့နောက်ကျောက မြေပြန့်ဒေသနဲ့ ကျနော်တို့စခန်းတွေကို တိုက်ခိုက်ခဲ့တာဟာ သူတို့၏စစ်ရေးကျွမ်းကျင်မှုကို ထင်ရှားစေပါတယ်" လို့ မှတ်တမ်းတင်ခဲ့ ပါတယ်။

ဗြိတိသျှတို့ဟာ၁၈၈၈ဒီဇင်ဘာလမှာစီးယင်းတွေကိုစတင်တိုက်ခိုက်ပြီး၊ ၁၈၈၉ မေလမှာ စီးယင်း၊ ကမ်ဟောက်နဲ့ စုသဲတွေကို အနိုင်ရပြီး Fort White အမည်ရှိစစ်စခန်းကို တည်ဆောက်ခဲ့ပါတယ်။ ဒီတိုက်ပွဲတွေကို ဦးဆောင်ခဲ့တဲ့ General. George White က သူတိုက်ဖူးသမျှစစ်ပွဲတွေထဲမှာ အနိုင်ရရှိဖို့ အခက်ခဲဆုံး စစ်ပွဲတွေဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

၁၈၈၉ မေလ ၄ ရက်နေ့မှာ ဗြိတိသျှစစ်တပ်နဲ့ စီးယင်းစစ်သည်တော်တွေဟာ ရှာလ်လုမ်းခံတပ်တွင် အပြင်းအထန်တိုက်ခိုက်ခဲ့ကြပြီး အဲဒီရှားလ်လုမ်းတိုက်ပွဲမှာဗြိတိသျှအရာရှိ Ferdinand Le Quesne ဟာ ကမ္ဘာ့စစ်ဘက်ဆိုင်ရာ ဂုဏ်ပြုဆုမှာ အမြင့်ဆုံးဖြစ်တဲ့ Victoria Cross ကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီတိုက်ပွဲမှာ စီးယင်း ချင်းစစ်သား ၂၇ ဦး ချင်းပြည်အတွက် အသက်ပေးကျဆုံးခဲ့ကြရပါတယ်။ ဗြိတိသျှတွေဟာ တီးတိန်နယ်ကို အနိုင်ရပြီးတဲ့နောက်မှာ ဖလမ်းကောင်စီခေါင်းဆောင်တို့နဲ့ တစ်ဖန်ထပ်မံဆွေးနွေးခဲ့ကြပြန်ပါတယ်။ ဖလမ်းကောင်စီ ခေါင်းဆောင်တစ်ဦးဖြစ်သော Pu Bawi Hmung နှင့် ဗြိတိသျှအရာရှိတို့ဆွေးနွေးရာတွင် တာရှန်းတို့အနေနှင့် ရွှေဂျိုးဖြူနှင့် အပေါင်းပါများအားလက်လွှတ်ရန်အစီအစဉ်မရှိကြောင်း ပြောဆိုခဲ့သည်။

ဗြိတိသျှတို့၏ ချင်းတောင်စစ်ဆင်ရေး (၁၈၈၉–၁၈၉၀)

ဗြိတိသျှတွေဟာ စီးယင်းတွေကို အနိုင်ရရှိခဲ့ပေမယ့် သူတို့နေထိုင်တဲ့ရွာတွေကိုသာ သိမ်းပိုက်နိုင်ခဲ့ပြီး စီးယင်းစစ်တပ်ကိုမူ မချေမှုန်းနိုင်ခဲ့ပေ။ စီးယင်းစစ်သည်တော်တွေဟာ အရှုံးမပေးပဲ နီးရာတောထဲတွင် ခိုလှုံရင်း ဗြိတိသျှစစ်တပ်ကို အခွင့်အခါကြုံတိုင်း ခြုံခိုတိုက်ခိုက်ခဲ့ကြသည်။ တာရှန်းတို့ကလည်း စော်ဘွားဟောင်းနှင့် အပေါင်းအပါများ ရွှေဂျိုးဖြူမင်းသားနဲ့ အပေါင်းအပါတွေကို ဆက်လက်ပြီး အကာအကွယ်ပေးခဲ့တယ်။ ဇိုခွားနဲ့ ဟားခါးနယ်မှလည်း မြေပြန့်ဒေသ တွေ

စာ (၇) သို့

# ချင်းခလေ့ထုံးတမ်းစဉ်လာ – ၂၀၁၆

## *Pu That Savunga*

ကျွန်တော် တပ်ဦးရုံးကို စက်တင်ဘာလဆန်း (၅) ရက်နေ့မှာ သွားတက်စဉ် ချင်းအမျိုးသားတပ်ဦး၊ ဗဟိုတရား သူကြီးအဖွဲ့မှ ရေးသား ပြုစုတဲ့ ချင်းခလေ့ထုံးတမ်းစဉ်လာ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲ ခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း) အား အထပ်လိုက် ရုံးစားပွဲပေါ်တင်ထားတာကိုတွေ့တော့ ကောက်ယူဖတ်လိုက်ရမယ်။အကြမ်းဖျင်း အစအလယ်အဆုံးအထိ ဖတ်လိုက် တော့၊မီဇိုးရမ်းအစိုးရမှ နော်ကဆုံးပြုစု ပြီး တရားဝင် ထုတ်ပြန်ထားတဲ့ (Mizo HnamDan/CusomaryLawofMizos)ခလေ့ ထုံးတမ်းကို ပုံတူကူးယူပြီး တိုက်ရိုက် ဘာသာပြန် ထားတာဖြစ်မယ် လို့ မှန်းဆမိပါတယ်။

ကျွန်တော် စောဒက တက်လို လို့တော့မဟုတ်ပါဘူး။ပိုမိုကျယ်ကျယ် ပြန့်ပြန့် စုံစမ်းပြီး၊ ရေးကရှိနှင့်ပြီးတဲ့ ချင်းတောင်တန်းဥပဒေ (The Chin Hills Regulation – 1896)? ချင်းဝိသေ သတိုင်းအက်ဥပဒေ (TheChinSpecial DivisionActs – 1948) နဲ့တကွ၊ ယခင် ချင်းရေးရာကောင်စီ (၁၉၄၈–၁၉၅၇) မှ ပြုစုထားတဲ့ ချင်းခလေ့ထုံးတမ်း များရှိမရှိလေ့လာပြီး၊ ရရာမှတ်တမ်း များ၊ ဥပဒေဘွဲ့ရများရဲ့ စာတမ်းများ နှင့်တကွ၊ ပူးတွဲလေ့လာပြီးမှ မူကြမ်း ကို ပြုစုသင့်တယ်လို့ ဆိုလိုတာပါ။ ဘာဖြစ်လို့လဲဆိုတော့၊မြို့နယ်တိုင်းမှ ဥပဒေပညာအဓိကဘာသာနဲ့ဘွဲ့ဆွတ် ခူးသူများဟာ မိမိတို့ မြို့နယ်အသီး သီးမှ ချင်းခလေ့ထုံးတမ်းစဉ်လာစာ တမ်းဖြင့် ဘွဲ့ကိုယ်စီရယူခဲ့ကြမယ်ထင် လို့ဖြစ်ပါတယ်။ အကြောင်းက "တရားဥပဒေအစ၊ ခလေ့ထုံးတမ်းစဉ် လာက" ဖြစ်နေလို့ပါဘဲ။

ချင်းတို့မှာ ပြောလေ့ပြောထ ရှိတဲ့စကားရှိတယ်။ "နှုတ်ချိုရင် နွား နောက်မတောင်ရနိုင်တယ်၊ နှုတ်ကြမ်း တော့ နွားနောက်မကို လျော်ရတယ်" လို့ပေါ့။နှုတ်ကြမ်းတာတင်မကပါဘူး။ သူများအိမ်ယာ၊ သားမယားများ၊ အိမ်မွေး တိရစ္ဆာန်များအပေါ် ပြစ်မှု တစ်ခုခု ကျူးလွန်တဲ့အခါမှာလည်း လျော်ကြေးပေးရတယ်။ လျော်ကြေး ဆိုရင် ဝက်မက အစ၊ နွားနောက်မ တန်း (နွားနောက်မပျို)၊ နွားနောက်မ ကြီးတွေအပြင် မောင်း၊ လုံ၊ ခါး စတာ တွေလည်းပါတယ်။လျော်ကြေးအတွက် အသုံးချမယ့်အရာရာတိုင်းကို ချင်းလူမှု အဖွဲ့အစည်းရဲ့စီးပွားရေးအဆင့်အတန်း နဲ့အညီ၊တန်ဖိုးသတ်မှတ်ပေးရတယ်။ ဥပမာ၊ ဝက်မဆို ငွေ ငါးကျပ် (အမေရိ ကန် ဒေါ်လာ၊ ယူကေ စတာလင်ပေါင်၊ အိန္ဒိယရူပီး၊ မြန်မာကျပ်ငွေတို့ဖြင့် မသတ်မှတ်ပါ)၊ နွားနောက်မပျိုးကို ၂၀၊ နွားနောက်မကြီးကို ၄၀ စသဖြင့် တန်ဖိုးသတ်မှတ်ပေးခဲ့ကြတယ်။ဒါက လူရှေတောင်တန်းခေါ် မီဇိုးရမ်းစံနမူနာ ပါ။ ငွေအသပြာမရှိတော့ ပစ္စည်းရဲ့ တန်ရာတန်ကြေးကို ဘုံဈေးနှုန်း သတ် မှတ်တာပါပဲ။ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်းဆိုသလို ချင်းလူမှု ဖွဲ့စည်းပုံ၊ မျိုးနွယ်စု၊ ဆွေမျိုးစု၊ ကျေးရွာ အလိုက် ကျင့်သုံးတဲ့ဖြတ်ထုံးတွေလည်း အနည်းနဲ့အများ ကွဲပြားနေကြပါသေး တယ်။လိုရင်းက လျော်ကြေး၊ဒဏ်ကြေး သတ်မှတ်ပုံတသမတ်တည်း မတူညီ ကြဘူးလို့ ဆိုလိုတာပါ။

ကာယကံရှင်သဘောမတူဘဲ၊ မိန်းမပျိုရဲ့ ရင်သားကို ကာလသား တစ်ယောက်ယောက်က အတင်းအဓမ္မ ထိကိုင်လိုက်လို့အမှုတိုင်တယ်ဆိုရင်၊ ဝက်မကြီးကို လျော်ခိုင်းရတယ်။ အမျိုး သားတစ်ယောက်ယောက်က အမျိုးသမီး (အပျိုဖြစ်ဖြစ်၊ တခုလပ်ဖြစ်ဖြစ်) တစ်ယောက်ယောက်ကို မုဒိမ်းကျင့် တာဖြစ်စေ၊ လိမ်ညာပေါင်းသင်းတာ ပဲဖြစ်စေ၊ကိုယ်ဝန်ရလာပြီး၊လက်ထပ် မယူဘဲ၊ လွဲရှောင်နေရင်၊ နွားနောက်မ ကြီးကို လျော်စေရတယ်။ ဒီဖြတ်ထုံးကို အကြောင်းပြုပြီး၊ ပထမ ချင်းအမျိုးသား ညီလာခံကို(၁၉၄၈ခုနှစ်၊ဖေဖော်ဝါရီ၂၀) မှာ ကျင်းပခဲ့စဉ်မှာလည်း၊ မူခင်းဆိုင် ရာအမြင့်ဆုံး လျော်ကြေးအဖြစ် နွား နောက်မကြီးကိုစံတင်ပြီး၊ကျပ်ငွေ ၂၀၀ ဖြင့် စံနှုန်းသတ်မှတ်ခဲ့တယ်။ ဆုံးဖြတ် ချက်ချမှတ်ရာတွင်လည်း "အခါအား လျော်စွာလျော်ဒဏ်နှုန်းအား၊မတိုးမြှင့် ရသေးတဲ့ ကာလပတ်လုံး၊ နွားနောက် မကြီး တန်ဖိုးကို ငွေဒင်္ဂါနှစ်ရာနဲ့ထပ်တူ ညီမျှစေရမယ်" လို့ သတ်မှတ်ထားပါ တယ်။

တိုင်းပြုပြည်ပြုလွှတ်တော် ပေါ်ပေါက်လာတဲ့အခါ ချင်းပါလီမန် အမတ်များက ချင်းဝိသေသတိုင်းအက် ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး၊ ချင်းခလေ့ ထုံးတမ်းစဉ်လာကိုပါ ပြုစုခဲ့ကြတယ်။ ၄င်းခလေ့ထုံးတမ်းစဉ်လာကို ကာကွယ် ထိန်းသိမ်းမယ့် ကောင်စီဝင်များကို လည်း ကျေးရွာတိုင်းမှတစ်ဦးကျစီ ခန့်အပ်တာဝန်ပေးခဲ့တာ စာရေးသူ သိထားရပါတယ်။ ဥပမာ – ချင်းဝိသေ သတိုင်း အက်ဥပဒေပုဒ်မ ၁၅ (က) မှာ အမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ် လာ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း (Act NoXLIXSec.15(Kagyi)of1948)အရ တွေ့ရှိရတယ်။၄င်းကို၁၆–၁၀–၁၉၅၇ မှာ (Act No 50 of 1957)အရ ပြန်လည် ပြင်ဆင်ခဲ့တယ်။ ၄င်းပြင်ဆင်ချက်ကို ခေတ်နဲ့ မလျော်ညီတော့ဘူးဆိုရင် ချင်းအမျိုးသားတပ်ဦး၊ ဗဟိုတရားသူ ကြီးအဖွဲ့အနေနဲ့၊ ချင်းခလေ့ထုံးတမ်း စဉ်လာကို ခေတ်နဲ့အညီ ပြန်လည် ပြင်ဆင်သင့်ပြီဖြစ်ကြောင်းကို ဆောင်း ပါးအနေဖြင့်သော်လည်းကောင်း၊ စာ တမ်းအနေဖြင့် သော်လည်းကောင်း၊ အဆိုပြုလွှာများ ဖြန့်ဝေသွားလျှင် မကောင်းပေဘူးလားလို့ပါ။

အောက်ပါ သာဓကကို လေ့လာကြရ အောင်။

Page – 85
APPENDICES-II

(See Page 61, 75 and 76)
(SuccessionOrder,Classificationand Division of Property enacted vide Act No. 50 of 1957 – as Schedule to S. 15-Kagyee of the Chin Special Division Act, 1948 (Act No. XLIX of 1948)

ပုဒ်မ ၁၅ (က) မှာ (ဤဇယား တွင် ချင်းအမျိုးနွယ်မှ ဆင်းသက်လာ သည့် ချင်းအမျိုးသားများမဟုတ်သော သူများ၏ ပစ္စည်းနှင့် မသက်ဆိုင်စေရ)။

"ချင်းအမျိုးသားတစ်ဦး၏ ပစ္စည်းကို အမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေအား အောက်ပါ ပြဋ္ဌာန်းချက်များ အတိုင်း ပြုပြင်ထား သည်" ဟုဆိုကာ ပုဒ်ခွဲ ၁ မှ ၆ အထိ ရှင်းလင်းချက်များနှင့်တကွ ပြုစုထား တာကို တွေ့ရတယ်။

အလားတူစွာပဲ The Chin HillsRegulation–1896–ChapterIIမှာ လည်း ချင်းခလေ့ထုံးတမ်းစဉ်လာကို လိုက်ပြီး ခလေ့ထုံးတမ်းဥပဒေကဏ္ဍ မှာ ဒီ Regulation ဥပဒေဟာ ချင်းများ နဲ့သာသက်ဆိုင်ပြီး၊ ချင်းမဟုတ်သူ များနဲ့ မသက်ဆိုင်စေတာကိုလည်း တွေ့ရတယ်။

လိုရင်းကတော့ ယခင့် ယခင်က ပြုစုပြဋ္ဌာန်းလာခဲ့တဲ့ ခလေ့ ထုံးတမ်းဥပဒေ ရှိရှိသမျှကို လုံလောက် စွာစုဆောင်းပြီးမှ မူကြမ်းကိုပြုစုမယ့် ခလေ့ထုံးတမ်း ဥပဒေကော်မီတီကို ဖွဲ့စည်းတာဝန်ပေးသင့်တယ်လို့ ယူဆ ပါတယ်။ ချင်းခလေ့ ထုံးတမ်းဥပဒေ ဆိုတာ ချင်းအမျိုးသားတပ်ဦးနဲ့သာ သက်ဆိုင်တာမဟုတ်၊ ချင်းတမျိုးသား လုံးနဲ့ သက်ဆိုင်နေတော့၊ မြေပေါ် မြေအောက် ချင်းလူတန်းစားအလွှာ ပေါင်းစုံ ပါဝင်သင့်တဲ့အရေးကိစ္စပါ။ ကျွန်တော်အကြံပြုလိုတာကတော့ တပ်ဦး အနေနဲ့ ပြည်နယ်အစိုးရကို ခလေ့ထုံး တမ်းဥပဒေအား ဥပေက္ခါမပြုမိဖို့နဲ့၊ ရှိရင်းစွဲခလေ့ထုံးတမ်းစဉ်လာ ဥပဒေ အား ပြန်လည်ပြင်ဆင်ရေး ကော်မီတီ ဖွဲ့စည်းဖို့၊ လိုအပ်တဲ့အကောင်အထည် ဖော်ဆောင်ရွက်မှု ပြုလုပ်ဖို့ရာ တိုက်တွန်းနှိုးဆော်သင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

အခုတွေ့ရတဲ့ မူကြမ်းဟာ တဖက်နိုင်ငံက ပုံတူကူးလိုက်ရသလို များဖြစ်နေမလားလို့တွေးမိတယ်။ အမှန်ဆိုရင် ရိုးရာခလေ့ထုံးတမ်းစဉ် လာမှာ ဒီဖက်ထက် ကျွန်တော်တို့ ဖက်မှာ ရှေ့တလှမ်းဦးသွားနှင့်ပြီးလည်း ဖြစ်တဲ့အတွက် နဂို ရှိရင်းစွဲဥပဒေကိုပဲ ပြန်လည်စီစစ်ပြီး ဖြည့်သင့်ဖြည့်၊ ဖြုတ်သင့်ဖြုတ် ပြုပြင်သွားတားက ပိုခရီးတွင်မယ်လို့ ယူဆမိပါတယ်။ ပိုပြီးတော့လည်း ကိုယ့်ခလေ့ထုံးတမ်း ကို တန်ဖိုးထားထိန်းသိမ်းရာရောက် မှာပါ။ ဒီဖက်က အာသံပြည်နယ်ရဲ့ သီးခြားခရိုင်အဆင့်လောက် ရှိနေ တုန်းမှာကျွန်တော်တို့ကတော့ဝိသေသ တိုင်း UT အဆင့်မှာ ရှိနေခဲ့ပြီပါပြီ။ ဒါကြောင့် ဝိသေသတိုင်းခေတ်က ပြုစု လာခဲ့တဲ့ ဥပဒေဟာ တရားဥပဒေ အတွက် ကြိုတင်ပြင်ဆင်တဲ့ အဆင့်မှာ ရှိနေတယ်။ နောင်များမကြာတော့တဲ့ ကာလမှာ ကိုယ်ပိုင်စီရင်ပိုင်ခွင့်တွေ ရလာရင်၊ ခလေ့ထုံးတမ်းစဉ်လာ ဥပဒေ တွေကို ကျော်လွှားပြီး၊ အဆင့်မြင့် တရားရေးအာဏာနဲ့ နေလာကြတော့ မှာပါ၊ ဒါကြောင့် တပ်ဦးအနေနဲ့ ဒါကိုပဲ ဦးတည်သွားသင့်တယ်လို့ဆိုလိုတာပါ။

ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရနေ ပြီးမှ ရှေးက ဘိုးဘွားများ ကျင့်သုံးလာ ခဲ့တဲ့ မိရိုးဖလာခလေ့ထုံးတမ်းစဉ်လာ ဥပဒေမှာပဲ တဝဲဝဲလည် လေ့လာနေတာ လဲ သဘာဝမကျလှပါဘူး။ ဒီမိုကရေစီ နိုင်ငံ အလေ့အထအတိုင်း အာဏာ ၃ ရပ်ကို ပြည်နယ်တွေက ပိုင်ဆိုင်လာတဲ့ အခါမှာ တရားရေးဌာနက ခလေ့ထုံးတမ်း စဉ်လာဥပဒေကိုပဲ ဆက်လက်ကျင့် သုံးနေမယ်ဆိုရင် အံဝင်ဂွင်ကျမှာ မဟုတ်တော့လို့ပါ၊ ခေတ်နောက် ပြန်ဆွဲရာလည်း ကျမယ်။

ဥပမာ။ ။ မီဇိုးရမ်းဟာ

စာ (၁၀) သို့

# ချင်းပြည်သူများထံ သတိပေးနှိုးဆော်ချက်

(ဤဆောင်းပါးသည် Hriata, Chhangte ၏ CHIN HILLS UNAUTE … LO FIMKHUR TEH U စာပိုဒ်မှ တိုက်ရိုက် မဟုတ်ဘဲ ဆီလျော်သလို မြန်မာဘာသာသို့ Pu That Savung က ပြန်ဆိုခြင်းဖြစ်သည်း)

ချင်းပြည်သူပြည်သားအပေါင်းတို့ သတိထားကြပါ ...

ချင်းပြည်နယ်သည် ယနေ့ကမ္ဘာ့ဈေးကွက်တွင် အဓိကရဖြစ်သည့် မြေအောက်သယံဇာတများဖြင့် အထူးကြွယ်ဝ ထွန်းကားလာတော့မည်မှာ မလွဲဧကန်ဖြစ်သည်။ အထူးသဖြင့် CHROMITE DEPOSITS ခေါ် ခရိုမီယံ အနှစ်သည် ချင်းပြည်နယ်မြေအောက်တွင် ပြွတ်သိပ်လျက်ရှိရာ ၎င်းခရိုမိုက်ကို တူးဖော်ထုတ်လုပ်နိုင်သည့်တစ်နေ့တွင် ချင်းပြည်နယ်သည် ကမ္ဘာ့ခရိုမိုက်ရောင်းဝယ်ဖောက်ကားရာဗဟိုအချက်အခြာ ဖြစ်လာပေတော့မည်။ ခရိုမိုက်သည် အကောင်းစားသံမဏိထုတ်လုပ်ရာတွင် မရှိမဖြစ် အထူးလိုအပ်သော တွင်းထွက်သတ္တုရိုင်းဖြစ်သည်။ ကမ္ဘာ့ကုန်ကြမ်းလုပ်ငန်းတွင် တွင်ကျယ်စွာ သုံးစွဲနေလျက်ရှိရာ အိန္ဒိယနိုင်ငံအနေဖြင့်လည်း၎င်း၏ သံမဏိလုပ်ငန်းများအတွက် Hard Lumpy Chromate Ore ခေါ် ခရိုမီယံ သတ္တုရိုင်းများ မိမိတို့နိုင်ငံတွင် မရှိသောကြောင့် Brazil, Turkey, Kazakhstan နိုင်ငံများမှ မှာယူတင်သွင်းလျက်ရှိသည်။

ဤ Hard Lumpy Chromate Ore သည် ချင်းပြည်နယ်တွင် အမြောက်အမြားရှိနေသည်။ ၎င်းကို ရိပ်မိသိရှိနေပြီဖြစ်သော အိန္ဒိယနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန် စိုင်းပြင်းနေကြောင်း အသိပေးလိုပါသည်။ အများသူငါသိပြီးသည့်အတိုင်း အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ရင်ဘောင်တန်းလိုက်နိုင်ရန် UNFC ခေါ် ချုံကုလသမဂ္ဂ/ ဇ္ဈူကလီးယားထိန်းချုပ်ရေးအဖွဲ့ဝင်ဖြစ်လာရာ ဒီမိုကရေစီ ပြန်လည်ထူထောင်ခါစ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် အတုမယူမိကြစေရန် သတိပြုစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော်မသမာလောဘသားတို့၏ ကျော့ကွင်းစွပ်ပြီး မလွတ်နိုင်မရုန်းနိုင်ဖြစ်လျက် မိမိမြေပေါ်တွင် ဆင်းရဲမြဲဆင်းရဲကာ သူတောင်းစားဘဝသို့ ရောက်ရှိနိုင်ကြသောကြောင့်ဖြစ်သည်။ ရတနာသိုက်ပေါ် ခွထိုင်လျက် လူမွဲဘဝသို့ ရောက်နေကြသူများ မိမိနိုင်ငံတွင် အေးချမ်းစွာမနေနိုင်ဘဲ ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သူ၊ ခိုလှုံလိုရာနိုင်ငံများက လက်သင့်မခံလို၍အစာရေစာငတ်ပြတ်ပြီးအသက်ဆုံးရှုံးခဲ့ကြသူများရှိနေကြောင်း အားလုံးသိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ချင်းဘိုးဘွားများ ထားရစ်ပေးခဲ့သည့် အမွေအနှစ်ကို လုံခြုံစွာ ထိန်းသိမ်းထားကြပါစို့ဟု အကြံပြုနှိုးဆော်အပ်ပါသည်။

Prospecting and Exploration ခေါ် သတ္တုရှာဖွေ/ တူးဖော်ခြင်း လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများအနေဖြင့် ဒေသခံဌာနေတိုင်းရင်းသားများအား မည်သို့မျှ လုပ်ကိုင်ခွင့်ပေးမည်မဟုတ်ကြောင်း မိမိကိုယ်တွေ့အရ ပြောနိုင်ပါသည်။ ရုပ်မြင်သံကြား သတင်းများတွင်လည်း နေ့စဉ်နှင့်အမျှ မြင်တွေ့နေရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေချင်လွန်းသဖြင့် မိမိနိုင်ငံရှိ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ ရှာဖွေတူးဖော်ရေးအတွက် စိတ်ဆန္ဒစောပြီး၊ နိုင်ငံခြားကုမ္ပဏီတို့အား ဖိတ်ခေါ်၍ MoU ခေါ် သဘောတူစာချုပ် ချုပ်ဆိုလျက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်စေကြသည်။ အစပိုင်းတွင် အလုပ်အကိုင်ပြဿနာ ပြေလည်ယောင်ရှိခဲ့သော်လည်း တူးဖော်ထုတ်လုပ်မည့် အဆင့်ရောက်လာသည့်အခါတွင်မူ ဒေသခံနေ့စားအလုပ်သမားများအား အလုပ်ဖြုတ်ခြင်း၊ လုပ်သားဦးရေလျှော့ချခြင်းစသော အလုပ်လက်မဲ့ပြဿနာများနှင့် ရင်ဆိုင်လာခဲ့ကြသည်။ လက်တဆုပ်စာ လူရည်တတ် များနှင့် ကုမ္ပဏီများက နိုင်ငံထွက်သယံဇာတပစ္စည်းအပေါ် လက်ဝါးကြီးအုပ်ချယ်လှယ်လာကြတော့သည်။

ဤအတွက်ကြောင့် မိမိတို့၏ အိုးအိမ်၊ မြေယာများပေါင်နှံခြင်း၊ ဥစ္စာရတနာများ ထုခွဲရောင်းချခြင်းဖြင့် မိမိတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းရုန်းကန်လာကြသည်။ အနည်းငယ်သာ အောင်မြင်ပြီး၊ အများစုမှာ မိမိနိုင်ငံတွင် ခွေးလေလွင့်ဘဝထက်ပင် နိမ့်ကျလာကြသဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ မရရသည့်နည်းဖြင့် ခိုလှုံရောက်ရှိသွားကြသည်။ ဤဖြစ်ရပ်ကို သင်ခန်းစာယူတတ်ကြရအောင် ...

အိန္ဒိယနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော နည်းစံနစ်ကို တင်ပြပါမည်။ အိန္ဒိယအစိုးရသည် UNFC Guidelines ၏ လမ်းညွှန်အတိုင်းသွားနေရာ၊ သတ္တုရှာဖွေ/ တူးဖော်ခြင်းလုပ်ငန်းများ Prospectiong/Exploration တွင် ဒေသခံ အလုပ်သမားများအား ခန့်ထားသုံးစွဲခြင်းမပြုဘဲ ကျွမ်းကျင်လုပ်သားများနှင့် စက်မှုပညာရှင်များကိုသာ လုပ်ကိုင်စေသည်ကို တွေ့ရပါသည်။ Category A ခေါ် အကြီးစား စက်ကိရိယာများကို သုံးစွဲလျက်ရှိပါသည်။ ၎င်း စက်အကြီးစားအား သုံးစွဲခြင်းဖြင့် Fully Machanised Mine ခေါ် အချိန်ပြည့် စက်အားသုံးစံနစ်ဖြင့် သတ္တုများတူးဖော်ထုတ်လုပ်ခြင်းကြောင့် ကာယလုပ်အားမပါဘဲ စက်ကိရိယာများကို သက်သာချောင်ချိစွာ ဉာဏ်လုပ်အားများဖြင့် လုပ်ကိုင်နေကြသည်။ ဤနည်းသည် စက်မှုထွန်းကားသည့်နိုင်ငံတို့၏ ကျင့်ထုံးဖြစ်သည်။ သူတို့တွင် လူ့လုပ်အား ကို အဓိကမထားဘဲ၊ နည်းပညာ Technology ကိုသာ အဓိကထား အသုံးပြုကြသည်ကို သတိပြုကြရစို့။ Human Resource ခေါ် လူသားအရင်းအမြစ်အား ရောင်ကွင်းပြီး၊ စက်အား၊ နည်းပညာအားဖြင့် အမြတ်ထုတ်ရန် ကြိုးစားနေကြခြင်းဖြစ်သည်။

ချင်းပြည်နယ်တွင်မူ Category A အစား Category–B ခေါ် အငယ်စား စက်ကိရိယာများဖြင့် ရှာဖွေတူးဖော်ရောင်းချခြင်း Exploratory Mining စံနစ်ကိုသာ ကျင့်သုံးသင့်သည်ဟု ယူဆပါသည်။ ဤနည်းစံနစ်အတိုင်း လုပ်ကိုင်နိုင်စေရန် Provision ခေါ် စည်းမျဉ်းများ ကြိုတင်ရေးဆွဲထားသင့်ဖို့လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ချင်းပြည်နယ် အအေးမိလျှင် မီဇိုရမ်းရှိ ချင်းများအပါအဝင် ကျန်ဒေသများရှိ ချင်းအနွယ်ဝင်များအား လုံးပါ နာစေးနေမည်ဖြစ်သောကြောင့်၊ တတ်သိသည့်ပညာ မနေသာဆိုသလို ခံစားမိနိုင်၍ ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် ချင်းအမျိုးသား ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်အမတ်များ၊ အမျိုးသားလွှတ်တော်အမတ်များ၊ ရေးရာဝန်ကြီးများ၊ပြည်နယ်ဝန်ကြီးများအများအပြားရှိနေပြီဖြစ်၍ အခက်အခဲရှိမည်မဟုတ်ဟုထင်ပါသည်။ဤပြည်သူ့ကိုယ်စားလှယ်များစိတ်တူကိုယ်တူစည်းလုံးရန်သာ လိုပါသည်။ မိမိတို့ ပိုင်နက်မြေအား ကာကွယ်ပိုင်ခွင့်၊ မြေပေါ်မြေအောက် သယံဇာတများအားကာကွယ်ပိုင်ခွင့်နှင့် ပြည်သူ့ဆန္ဒဖြင့်သာ ဆုံးဖြတ်ခြင်းများဖြင့် ချင်းလူမျိုးထုအကျိုးကိုသာ သယ်ပိုးထမ်းရွက်ကြစေလိုပါသည်။

အကယ်၍ ကျွန်တော်အကူအညီများ လိုအပ်မည်ဆိုပါကလည်း တတ်အားသရွေ့ အစွမ်းကုန် ကူညီနိုင်ရန် ပြင်ဆင်ပါမည်။ အိမ်နီးချင်း အိန္ဒိယအစိုးရအား လုပ်ကိုင်စေလိုပါကလည်း ချင်းပြည်နယ်အတါက် အသင့်တော်ဆုံး နည်းလမ်းကို ရှာဖွေရင်း၊ အိန္ဒိယနိုင်ငံ India Steel Industry နှင့် တွေ့ဆုံညှိနှိုင်းနိုင်ပါသည်။ ချင်းပြည်နယ်ရှိ ခရိုမီယမ် သတ္တု ရိုင်းမျိုး Hard Lumpy Chromate Ores အိန္ဒိယနိုင်ငံတွင် မရှိကြောင်းနှင့် ရပ်ဝေးနိုင်ငံများမှ မှာယူတင်သွင်းနေရကြောင်း၊ ချင်းပြည်နယ်ရှိ ၎င်းသတ္တုရိုင်းအပေါ် စိတ်ဝင်စားနေကြောင်းကိုလည်း တင်ပြပြီးဖြစ်ပါသည်။တွင်းထွက်သတ္တုများအနက် ယနေ့ ကမ္ဘာ့အဖိုးတန်ဆုံးသတ္တုမှာ ခရိုမီယမ်ဖြစ်ပြီး၊ အကောင်းဆုံး သံမဏိ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ဇ္ဈူကလီယားစွမ်းအင် ထုတ်လုပ်ရာတွင်လည်းကောင်း၊ အဓိကအရေးပါဆုံးဖြစ်ပါသည်။ ၎င်းကို အကျိုးရှိရှိ ထုတ်လုပ်အသုံးချနိုင်စေရန် ချင်းလူမျိုးအားလုံးတွင် တာဝန်ရှိသည်။

အလွန်ရိုးသားဖြောင့်မတ်ပြီး သဘောမနော ဖြူစင်သန့်ရှင်းသောကြောင့် သူတပါးတို့၏ အထင်သေးအမြင်သေး၊ နှိမ်ချဆက်ဆံခြင်းမှ ချင်းလူမျိုးတို့၏ လွတ်လပ်ချိန်နီးနေပြီမို့ ဤစာဖတ်သူတိုင်းဘုရားသခင်၏ ဂုဏ်ကျေးဇူးတော် အားချီးမွမ်းရင်း ဆုတောင်းပဌနာပြုကြပါစို့။

ချင်း
ဘိုးဘွားများ
ထားရစ်ပေးခဲ့သည့်
အမွေအနှစ်ကို
လုံခြုံစွာ ထိန်းသိမ်းထား
ကြပါစို့

စာ (၅) မှ နယ်ချဲ့ဗြိတိသျှတော်လှန်ရေးနှင့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ခ) ဗိုလ်စွန်ပက်နှင့် ချင်းလူမျိုးတို့၏ နယ်ချဲ့တော်လှန်ရေး သမိုင်းအကျဉ်း – အပိုင်း(၃) နိဂုံး၏ အဆက်

၄) ထိုသို့ လျှော်ကြေးပေးဆောင်ခြင်း မပြုပါက Hakha နှင့် Fort White ပမာ ဗြိတိသျှစစ်တပ်သည် ဖလမ်းသို့ စစ်တပ် အမြဲတမ်းနေထိုင်ရန် စစ်စခန်းဆောက် လုပ်ပြီး ဖလမ်းအား ဗြိတိသျှစစ်တပ်မှ အုပ်ချုပ်မည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ Gen.Symondမှဆက်ပြောရာတွင်ဗြိတိသျှ အစိုးရထံသို့ အတက်ပါတောင်းဆိုချက် များအား သဘောတူမည်ဆိုယင် တာရှန်း တို့အနေနှင့် အောက်ပါအကျိုးကျေးဇူး များ ရရှိမည်ဖြစ်သည်။



၁) ဗြိတိသျှစစ်တပ်မှ တာရှန်းနယ် အားတိုက်ခိုက်ခြင်းနှင့်အုပ်ချုပ်ခြင်း ပြုလုပ်မှာမဟုတ်ကြောင်း

၂) ကလေးဒေသနှင့် ကူးသန်းရောင်းဝယ် ခွင့် ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း ထိုသို့ ဗြိတိသျှတို့လိုလားသောအချက်များအား တင်ပြပြီးနောက် Gen. Symond သည် ဖလမ်းကောင်စီ ခေါင်းဆောင်များအကြား သေချာစွာဆွေးနွေးခြင်းပြုလုပ်ရန် ပြောကြားပြီး တွေ့ဆုံမှု ပြီးဆုံးသွားခဲ့သည်။

၁၈၉၀ ခုနှစ် မတ်လ ၁၃ ရက်
ဆွေးနွေးခြင်း

၁၈၉၀ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ တွေ့ဆုံဆွေးနွေးပွဲတွင်မူ ဗိုလ်ကြွန်ဘိခ် မတက်တော့ဘဲ ကိုယ်စားလှယ်အဖြစ် Pu Bawi Hmung, Pu Vum Ceu နှင့် အခြားအငယ်တန်းခေါင်းဆောင်အယောက် ၂၀ တို့အား စေလွှတ်ခဲ့ပြီး ၎င်းတို့သည် ဗြိတိသျှနိုင်ငံရေးအရာရှိများဖြစ်သော Mr.Ross, Mr. Carey တို့နှင့်ထပ်မံတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ထိုတွေ့ဆုံပွဲသည် Pu Bawi Hmung မှဦးဆောင်ဆွေးနွေးပြီး၊ ဗြိတိသျှအရာရှိ Mr. Rose နဲ့ Mr. Carey တို့ထံသို့ "ကျနော်တို့အရှုံးခံပါတယ်၊ခင်ဗျားတို့အနိုင်ရပါတယ်။ ခင်ဗျားတို့ဟာ အင်အားကြီးမားသူဖြစ်သလို၊ သနားညှာတာစိတ်လည်းရှိတဲ့သူတွေ ဖြစ်ကြတဲ့အတွက် ခင်ဗျားတို့တောင်းဆိုတာကို နှစ်စဉ်မဟုတ်ပဲသုံးနှစ်တခါဖြစ်မယ်ဆိုရင် ခင်ဗျားတို့နဲ့ကျနော်တို့ မိတ်ဆွေတွေဖြစ်မယ်" လို့တောင်းဆိုပါတယ်။ ဗြိတိသျှတွေက နှစ်စဉ်ပေးဖို့လိုတယ်လို့ ထပ်မံပြောဆို ပြန်ပါတယ်။ Pu Bawi Hmung က ချင်းတောင်တွင် ငွေကြေးအသုံးမပြုကြပုံ၊ငွေကြေးရရဖို့ခက်ခဲပုံနဲ့တောင်းဆိုမှုများလွန်းတာတွေကို ရှင်းပြပြီးနောက် ရူးပီ ၅၀၀ အစား နွားနောက်တစ်ကောင် ပေးဖို့နှစ်ဖက်စလုံးသဘောတူခဲ့ကြသည်။ ချင်းတို့၏ အခက်အခဲများကို နားလည်ပေးပြီးနောက်နှစ်စဉ်ဆက်သကြေးအဖြစ် ဗြိတိသျှတို့ တောင်းဆိုထားသည့် ရူပီး ၁၀၀၀၀ အစား ၅၀၀၀ သို့လျှော့ချရန် လည်းသဘောတူခဲ့ကြသည်။

သို့သော် ဖလမ်းကောင်စီ အနေနှင့် ရွှေဂြိုးဖြူမင်းသားနှင့် အပေါင်းအပါများကိုမူ လက်လွှတ်ရန် ငြင်းဆိုခဲ့ကြသည်။ သူတို့အား ဖလမ်းမှကာကွယ်ရန် သစ္စာဆိုထားပြီးဖြစ်သောကြောင့် လက်လွှတ်ရန်မှာမဖြစ်နိုင်ကြောင်းရှင်းပြခဲ့ကြသည်။ချင်းလူမျိုးတို့၏ သစ္စာရှိမှုကို သက်သေပြနိုင်ခဲ့ကြသည်။ နောက်ထပ်ဓားပြများ တာရှန်းနယ်သို့ ရောက်ရှိလာပါက လက်ခံမည်အဟုတ်ကြောင်း ကတိပေးခဲ့ကြသည်။

ဗြိတိသျှတို့ပြောသော တည်ရှန်းရွာမ
ဖလမ်း

ထိုသို့တာရှန်းတို့သည် ဗြိတိသျှတို့ထံတွင် အညံ့ခံပြီး ဆက်သကြေးပေးရန် သဘောတူပြီးနောက်တစ်ရက်၁၈၉၀ခုနှစ်၊မတ်လ ၁၄ ရက်နေ့တွင် Gen. Symond နှင့် အခြားဗြိတိသျှအရာရှိတို့သည် တာရှန်းနယ်နှင့် ဖလမ်းအား လေ့လာခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဖလမ်းကောင်စီမှ ခေါင်းဆောင်များ တောင်ဆိုမှုကြောင့် ဗြိတိသျှစစ်တပ်သည် ရွာအတွင်းသို့ ဝင်ရောက်ခြင်းမပြုခဲ့ချေ။ ဖလမ်း၏ တည်နေရာနှင့် အနေအထားကို တောင်ပိုင်းစစ်ကြောင်းဆေးမှူး Adam Reid မှ ယခုလိုရေးသားခဲ့သည်။

"တာရှန်းတို့၏ မြို့တော်ဖလမ်း၊ ဗမာများ၏ တာရှန်းရွာမသည် ခန့်မှန်းခြေ အိမ်ခြေ ၄၅၀ လောက်ရှိပြီး ဘီးလူးမတောင်တန်း၏ အောက်ဘက် ပေ ၂၀၀၀ လောက်တွင်တည်ရှိသည်။ (ဘီလူးမတောင်တန်းသည် ယခုတာရှန်းရွာထိပ်ရှိတောင်တန်းကိုဆိုလိုခြင်းဖြစ်သည်)။ ရွာ၏ အနောက်နှင့် အရှေ့ဘက်သည် မဏိပူရမြစ်သို့ စုံဆင်းသော မြစ်ချောင်းနှစ်ချောင်း (Kurkurpi ချောင်းနှင့် ဒိုဘီချောင်း) မှ ကာကွယ်ထားပြီး မြောက်ဘက်တွင်မူ မဏိပူရမြစ်မှကာကွယ်ထားသည်။ဖလမ်းသည်မြောက်ဘက်ပိုင်းမှသာမြင်ရသည်။ မြောက်ဘက်ပိုင်းမှလွဲ၍ သူတို့၏ရွာနားရောက်မှသာ ရုတ်တစ်ရက်မြင်ရသည်။ ထန်တလန်ဘက်မှ ရွာများနှင့် တစ်ခြားစီဖြစ်ပြီး စီးယင်းဘက် ရွာများနှင့် ပိုပြီးဆင်တူသည်။ ထူးခြားသည့် ရိုးရာဓလေ့ရှိကြသည်။ အခြားချင်းလူမျိုးများနှင့် မတူသည့် အထူးခြားဆုံးအချက်ကား ၎င်းတို့၏ အုပ်ချုပ်သူ နေထိုင်ရာအိမ်များသည် အရပ်သားနေထိုင်သည့် အိမ်များနှင့် အတူတူပင်ဖြစ်သည်။ ပို၍ခန့်ညားထည်ဝါခြင်း မရှိပါ။ အိမ်ပုံသဏ္ဍာန်သည် တစ်အိမ်နှင့်တစ်အိမ် လိုက်ဖက်မှုရှိသည်" ဟု မှတ်ချက်ချခဲ့သည်။ (ရှနင် ၁၈၉၃)

၁၈၉၀ ခုနှစ် မတ်လ ၁၄ ရက်
ဆွေးနွေးခြင်း

၁၈၉၀ ခုနှစ်၊ မတ်လ ၁၄ရက်နေ့တွင် ဖလမ်းကောင်စီမှ ခေါင်းဆောင်အချို့တို့သည် ဗြိတိသျှနိုင်ငံရေး အရာရှိများနှင့် နှစ်စဉ်ဆက်သရမည့် ဆက်ကြေးအတွက် အသေးစိတ်ထပ်မံဆွေးနွေးရာရူပီး၅၀၀၀ နှင့်ညီမျှသောဆိတ် ကောင်ရေ (၁၇), နွားနောက် ကောင်ရေ(၇၀), ငွေသား ၂၀၀ ကျပ် နှင့် ဆင်စွယ် ၁ ချောင်း ဆက်သရန် သဘောတူခဲ့ကြသည်။ နောက်ပြီး တာရှန်းတို့သည် မြေပြန့်အားစီးနင်းခြင်းမပြုရန် ကတိပေးခဲ့ကြသည်။ ဗြိတိသျှစစ်တပ်မှ အချို့တို့သည် Sihaung သို့သွားရမည်ဖြစ်ရာ၊ ထိုအတွက်လည်း အထမ်းသည် ကူလီများ ထောက်ပံ့ရန် သဘောတူခဲ့ကြသည်။ စီးယင်း နှင့် ကမ်ဟောင်မျိုးနွယ်စုများ လက်နက်ချဖို့ ပြောဆိုရန်အတွက် ဖလမ်းကောင်စီမှ ခေါင်းဆောင်နှစ်ဦးတို့သည်လည်း မြောင်ပိုင်းစစ်ကြောင်းနှင့် အတူလိုက်သွားရန်သဘောတူခဲ့ကြသည်။ နောက်ပြီးဗြိတိသျှအစိုးရနှင့် ရှေ့ဆက်ဆက်သွယ်ရန်လမ်းကြောင်းများဆက်လက်ဆွေးနွေးသော်လည်း သဘောတူညီမှုမရရှိနိုင်ခဲ့ပေ။ ဗြိတိသျှအစိုးရ အနေနှင့်လည်း ကလေးဒေသနှင့် ကုန်သွယ်ရေးလမ်းကြောင်းပြန်လည်ဖွင့်ပေးခဲ့ကြသည်။


သို့သော် ရွှေဂျိုးဖြူမင်းသား၊ စော်ဘွားဟောင်းနှင့် အပေါင်းပါများကိုမူလက်လွှတ်ရန် တာရှန်းကောင်စီမှ ငြင်းဆန်ခဲ့ကြ သည်။ ရွှေဂျိုးဖြူမင်းသားသည် ဗမာပြည်သို့ပြန်လည်ထွက်ပြေးခဲ့ရာတွင် အဖမ်းခံရခဲ့ပြီး ဗြိတိသျှအစိုးရ၏ ကြိုးပေးခြင်းကိုခံခဲ့ရလေသည်။သူ့လက်ထောက် သူကြီးမောင်ဘိုမှာ ချင်းတောင်တွင်ဗြိတိသျှတို့လက်အောက်တွင်စကားပြန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဗြိတိသျှတို့လက်အောက်သို့ကျရောက်ခြင်း
(၁၈၉၀ ခုနှစ် မတ်လ)

ဖလမ်းနှင့် ချင်းပြည်နယ်မြောက်ပိုင်း တစ်ခုလုံးသည် ၁၈၉၀ ခုနှစ် မတ်လမှစ၍ ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက်ခဲ့လေသည်။ သို့သော်၎င်းတို့ပိုင်ဆိုင်သည့် အခွင့်အရေးနှင့် အုပ်ချုပ်ရေးပိုင်းကိုမူ ဆုံးရှုံးခြင်းမရှိခဲ့ပေ။တာရှန်းတို့ အနေနှင့် ဗြိတိသျှအစိုးရထံသို့ နှစ်စဉ်ဆက်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ကျန်အပိုင်းမှာမူ ပြောင်းလဲခြင်းမရှိဘဲ နဂိုအတိုင်းဆက်လက် လုပ်ဆောင်ရန်ဖြစ်သည်။ဤသို့ဖြင့် မြောက်ပိုင်းစစ်ကြောင်းသည်လည်း မတ်လ ၁၅ ရက်နေ့မှစ၍ Fort White စခန်းသို့ တာရှန်းခေါင်းဆောင်နှစ်ဦးနှင့်အတူ ဆုတ်ခွာခဲ့လေသည်။ တာရှန်းခေါင်းဆောင်တို့မှာ စီးယင်းတို့အား လက်နက်ချဖို့ပြောဆိုရန်အတွက် ဗြိတိသျှမြောက်ပိုင်းစစ်ကြောင်းနှင့် လိုက်လံရခြင်းဖြစ်သည်။ ဒီလိုနဲ့ စီးယင်း တို့သည်လည်း မတ်လ ၂၂ ရက်နေ့တွင် လက်နက်ချခဲ့ရသည်။ တောင်ပိုင်းစစ်ကြောင်းမှ တစ်ချို့သည် Sihaung သို့ သွားခဲ့ကြပြီးပင်မတောင်ပိုင်းစစ်ကြောင်း သည်လည်း မတ်လ ၁၇ ရက်နေ့တွင် ဟားခါးတပ်စခန်းသို့ ဆုတ်ခွာခဲ့ကြသည်။



ချင်းတွင်းအထက်ခရိုင်ဝန် Captain Frederick Duncan Raikes နှင့် Colonel Woodthorpe အဖွဲ့အား ကလေးစော်ဘွားမောင်ပါကြီးမှ ဆင်နှစ်ကောင်နှင့် တပ်သားအယောက် ၅၀ နှင့်အတူ ကြိုဆိုစဉ်



တာရှန်း–ဗြိတိသျှ ပထမဆုံးအကြိမ် ဆွေးနွေးနေစဉ် (၁၈၈၇ မတ်လ ၂၀ ရက်)



နောက်ထွက်မည့်ဂျာနယ်တွင် ဆက်ရန်

# စာ (၆) မှ ချင်းဓလေ့ထုံးတမ်းစဉ်လာ – ၂၀၁၆ ၏ အဆက်

ပြည်နယ်အဖြစ် ရပ်တည်လာတာ နှစ်ပေါင်း ၃၀ လောက်ရှိနေပြီ၊ ဒါပေမဲ့ ဓလေ့ထုံးတမ်း တည်းဆိုတဲ့ မိရိုးဖလာ ရိုးရာဓလေ့ကနေ မခုန်ထွက်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေရသေးတာကို တွေ့ရပါတယ်။ အန်အီးပဲရီး (N.E Perry) ခေါ် လူရှေ့တောင်တန်းဝန်ရဲ့ (A Monograph on Lushai Customs and Cere-monies- 1928) ကိုမှီးပြီး၊ နှစ်ကာလအတန်ကြာအတွင်း အကြိမ်ပေါင်းများစွာ ပြင်ဆင်လာခဲ့တဲ့ဟာ ဖြစ်တယ်။ ဒါနဲ့တောင် ကျစ်လစ်မှု မရှိနိုင်သေးပါဘူး။အခုနောက်ဆုံးပေါ်လာတဲ့ Mizo Hnam Dan/Customary Law of Mizos မှာပါတဲ့ အမွေဆက်ခံပိုင်ခွင့်များဟာ နောင်ရေးပြဿနာကို ဥချပေးနေသလိုအများသူငါက ထင်မြင်နေကြတယ်။ဖြစ်ပေါ်လာနိုင်တဲ့ မှုခင်း(အထူးသဖြင့် အမွေမှုဟာ ပိုမိုရှုပ်ထွေးပွေးလီလာနိုင်တဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ အများသူငါက သုံးသပ်နေကြတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျစ်လစ်တိကျမှု မရှိ၊ လျော့ရဲရဲဖြစ်နေလို့ပါပဲ။ သူတို့မှာ ဥပဒေ ဘွဲ့ရရေး၊ တရားဌာနမှာ အလုပ်ရရေး၊ အမှုလိုက်ရှေ့နေဖြစ်ရေး၊ လွှတ်တော်ရှေ့နေ၊ လွှတ်တော်တရားကြီးစတဲ့ တရားရေးဌာနမှာ အလုပ်အကိုင်ရရေးကိုပဲ အာရုံစိုက်ပြီး၊ တရားဥပဒေအရ ချင်းလူမှုအဆင့်အတန်း မြှင့်တင်ရေးကို ဦးစားပေးနေကြလို့၊ အိမ်နီးချင်းပြည်နယ်နဲ့ ရင်ဘောင်တန်း မလိုက်နိုင်ကြတာပါ။

ဥပဒေကို ပြုစုမယ်ဆိုရင် အကျိုးအမြတ်တခုတည်းကိုမကြည့်ဘဲ နောက်ဆွယ်က ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးများကိုပါ ထည့်တွက်စဉ်းစားရမှာဖြစ်တယ်။ ဥပဒေကို ပြဋ္ဌာန်းပြီးဆိုရင်၊ ပြစ်ဒဏ်လည်း ပါနေရမှာဖြစ်တယ်။ ဥပမာ– စေ့စပ်ကြောင်းလမ်းရေးမှာ အကျုံးဝင်တဲ့တန်ဖိုးနဲ့က ပြစ်ဒဏ်အတွက်ချမှတ်တဲ့ တန်ဖိုးဟာ ထပ်တူမဖြစ်စေရပါဘူး။ သတို့သမီးရဲ့ အသွင်းဖိုးကို နွားနောက်နဲ့တွက်ချက်မယ်ဆိုပါစို့ နွားမပျိုရဲ့တန်ဖိုးကို ၂၀ ကျပ်နှုန်းနဲ့ ၆ ကောင် – ၇ ကောင်အထိ တောင်းနိုင်တယ်။ ၁၂၀–၁၄၀ ကျသင့်နေတယ်။ ဒါက နှစ်ဦးနှစ်ဖက်အဆင်ပြေချောမောစေဖို့အတွက်ပါ။ ပြစ်ဒဏ်အတွက်ကျတော့ ဒီနှုန်းအတိုင်း သွားလို့မရတော့ဘူး၊ ကာလဈေးကွက် တန်ဖိုးနဲ့ ကျခံစေရမယ်။ ဒါမှလည်း ဥပဒေဟာ အသက်ဝင်လာတော့မှာကိုး၊ ဒါကို မီဇိုးရမ်းကလူတွေ အခုထိ သဘောမပေါက်နိုင်ကြသေးပါဘူး။

ဥပမာတခုပေးပါမယ်၊ ပလက်ဝ နယ်က ချောင်းသားခေါ် ရခိုင်တွေက မင်္ဂလာကြေးကို ရွှေ ဒိ–၃၅ ကျပ်နှုန်းနဲ့ ပေးနေကြဆဲဖြစ်တယ်။ ဒါက ဓလေ့ထုံးစံအရဖြစ်တယ်၊ ပြစ်ဒဏ်ကျတော့ ရွှေ ဒိ–ကို ကာလတန်ဖိုးနဲ့ သတ်မှတ်တဲ့အခါကျတော့ လူတွေက အဲ့ဒီပြစ်ဒဏ်ကိုကြောက်လာကြတယ်။ မင်္ဂလာကြေးနှင့် တရားရေးဒဏ်ကြေးဟာ ပစ္စည်းအတူတူ၊ အရေအတွက်အတူတူဖြစ်လျက်၊ စံနှုန်းက ကွဲပြားခြားနားနေတယ်။ ဒီနည်းကို သေချာလေ့လာပြီး ချင်းဓလေ့ထုံးစံကိုလည်း ပြင်ဆင်မချမှတ်သင့်တော့ဘူးလားလို့ ဆိုလိုတာပါ။

နောက်တခု ရှိသေးတယ်၊ ချင်းဓလေ့ထုံးတမ်းစဉ်လာဥပဒေကို လူမျိုးခြားတွေနဲ့ တိုက်ရိုက်မပတ်သက်စေဖို့ဖြစ်တယ်။ ဥပမာ — လူမျိုးခြားအမျိုးသားတယောက်က ချင်းအမျိုးသမီးတယောက်အား တောင်းရမ်းလာတယ်ဆိုပါစို့။ ကျသင့်တဲ့အတွင်းဖိုး မင်္ဂလာကြေးကို ချင်းအချင်းချင်းကြားက နားလည်မှုနှုန်းနဲ့ မတွက်ချက်တော့ဘဲနဲ့ နွားဆိုနွား၊ အိုးဆိုအိုးစသဖြင့် ကာလတန်ဖိုးနှုန်းအတိုင်း တွက်ချက်ပေးဆောင်စေရမှာ ဖြစ်ပါတယ်။ ချင်းအမျိုးသမီးအား ကာယိန္ဒြေထိပါးမှုကြောင့်၊ လူမျိုးခြား အမျိုးသားအား ပြစ်ဒဏ်ပေးရင်လည်း အကြီးလေးဆုံးနည်းနဲ့ ပြစ်ဒဏ်ချမှတ်ရမှာဖြစ်တယ်။ ကာလတန်ဖိုးထက် ကြီးလေးလွန်းလို့တော့ မသင့်တော်ပါဘူး။ လူ့အဖွဲ့အစည်းတိုင်းလိုလိုမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ပိုပြီး အမျိုးကိုထိန်းသိမ်းကြတယ်။ ဒါကြောင့် ချင်းအမျိုးဂုဏ်ကို ဆက်လက်ထိန်းသိမ်းလိုတယ်ဆိုရင် လူမျိုးခြားတွေနဲ့မညားရအောင် ကာကွယ်ထားမှ ဖြစ်မယ်။

ဘယ်လိုကာကွယ်မလဲ။အထက်ကတင်ပြခဲ့သလို အတွင်းဖိုးကို တောင်းရမယ်ပေါ့။ ဥပမာ– နွားမနဲ့ ပေးမယ်ဆိုရင်၊ တကယ့်နွားမပဲဖြစ်ဖြစ်၊ နွားမရဲ့ကာလတန်ဖိုးနဲ့ဖြစ်ဖြစ် သူတို့သားဖက်ကပေးရမယ်။နွားမပျိုနဲ့ ပေးတယ်ဆိုရင် အများဆုံး ၇ ကောင် သို့မဟုတ် ၄င်းနွားမပျို၇ကောင်နဲ့ညီမျှတဲ့ငွေကြေးကိုပေးဆောင်ရမှာဆိုတော့၊ဘယ်လူမျိုးခြားကမှ ချင်းအမျိုးကညာတွေကို ကပ်ရဲမှာမဟုတ်ပါဘူး။ စာဖတ်သူသတိပြုရမယ့်အချက်က အထက်မှာ ရေးခဲ့သလို ချင်းအချင်းချင်းကြားနဲ့ မရောနှောမိဖို့နဲ့ ခွဲခြားသိတတ်ဖို့လိုတယ်။ ချင်းအမျိုးသားနဲ့ အမျိုးသမီး အကြားမှာတော့ နှစ်ဦးနှစ်ဖက်က အဆင်ပြေချောမောရေးကို အဓိက ဦးစားပေးရမှာဖြစ်တယ်။ ချင်းမလေးကို လူမျိုးခြားက ချင်းအမျိုးသားပေးသလောက် ပေးစားရင်တောင်၊ ၄င်းလူမျိုးခြားက နားလည်သဘောပေါက်မှာ မဟုတ်ပါဘူး။သာဓကပြမယ်။ပလက်ဝနယ်မှာရခိုင်ကျောင်းဆရာတစ်ယောက်က ချင်းအမျိုးသမီးတစ်ယောက်ကို ယူတယ်။ လင်နဲ့မယားဆိုတာ လျှာနဲ့သွားဆိုသလို လင်မယားချင်း စကားများရန်ဖြစ်တိုင်း၊လင်က "နင့်ကိုငါက ငွေတစ်သောင်းနဲ့ဝယ်တာ၊ နင်ဘာမှ ပြောပိုင်ခွင့်မရှိဘူး၊ ကျွဲလိုနွားလို ငါခိုင်းလို့ရတယ်" တဲ့။

နောက်ဥပမာရှိသေးတယ်။ ရခိုင်ကျောင်းဆရာပါပဲ သူလည်း ချင်းမလေးကို ယူချင်နေတယ်။ ဒါပေမဲ့ အတွင်းဖိုးက အနည်းဆုံး ကျပ်ငွေ ၅ သောင်းပေးရမှာမို့ အဲ့ဒီ ကျောင်းဆရာရဲ့မိဘတွေက သဘောမတူနိုင်လို့မယူဖြစ်ဘူး။ ဒီဥပမာနှစ်ပုဒ်မှာ ဘယ်သူက မိမိတို့ ဓလေ့ထုံးတမ်းစဉ်လာကို ထိန်းသိမ်းစောင့်ရှောက်သလဲဆိုတာ ထင်ရှားပါပြီ။

ကဲ .. ချင်းဝိသေသတိုင်းအက်ဥပဒေပုဒ်မ ၁၅ (က) မှာ အမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေကိုပြဋ္ဌာန်းခဲ့ကြောင်း (ActNoXLIX Sec. 15 (Kagyi) of 1948) အရ တွေ့ရှိရတယ်။ဒါကို၁၆–၁၀–၁၉၅၇မှာ (ActNo 50 of 1957) အရ ပြန်လည်ပြင်ဆင်ခဲ့တယ်။ ၄င်းပြင်ဆင်ချက်ကို မူရင်းအတိုင်း တင်ပြသွားပါမယ်။

## APPENDICES-II
(See Page 61, 75 and 76)

(Succession Order, Classification and Division of Property enacted vide Act No. 50 of 1957 as Schedule to S. 15-Kagyee of the Chin Special Division Act, 1948 (Act No. XLIX of 1948)

ပုဒ်မ ၁၅ (က) ၌ (ဤဇယားတွင် ချင်းမျိုးနွယ်မှ ဆင်းသက်လာသည့် ချင်းအမျိုးသားများမဟုတ်သောသူများ၏ ပစ္စည်းနှင့်မသက်ဆိုင်စေရ)။

ချင်းအမျိုးသားတစ်ဦး၏ ပစ္စည်းကို အမွေဆက်ခံခြင်းဆိုင်ရာ ထုံတမ်းစဉ်လာဥပဒေအား အောက်ပါ ပြဋ္ဌာန်းချက်များအတိုင်း ပြုပြင်ထားသည်။

၁။ သေဆုံးသူ၏ ပစ္စည်းထဲမှ သေဆုံးသူ၏ အသုဘစရိတ်စခကို နှုတ်ယူပြီးနောက်၊ ကျန်ရှိသော ပစ္စည်းထဲမှ သေဆုံးသူ၏ ကြွေးမြီအားလုံးကို ၄င်း၊ ပစ္စည်းအပေါ်၌တင်ရှိသော အခြားတရားဝင်ကြွေးမြီ တာဝန်အားလုံးကို ၄င်း၊ နှုတ်ယူပိုင်ခွင့်ရှိစေရမည်။

၂။ သေဆုံးသူ၏ ပစ္စည်းကို (က)ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းဟူ၍ ၄င်း၊(ခ)သာမန်ပစ္စည်းဟူ၍၄င်းခွဲခြားထားရမည်။

(က) ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်း (အမွေခံပစ္စည်း)ဆိုသည့်စကားရပ်တွင် –

၁။ အိမ်နှင့် သာမန်အားဖြင့် ပူးတွဲချက်ရှိသည့်ပစ္စည်းများနှင့်အိမ်ပိုင်းအတွင်း ဆောက်လုပ်ထားသော အခြားအဆောက်အဦးများပါဝင်သည်။ သေဆုံးသူပိုင်ဆိုင်သော မိသားစုအိမ် (သေဆုံးသူ၏ အိမ်တစ်ဆောင်ထက်ပို၍ ရှိခဲ့လျှင် အိမ်တစ်ဆောင်ကိုသာလျှင်) "မိသားစုအိမ်" ဟု အသိအမှတ်ပြုရမည်။ သို့သော်လည်း သေဆုံးသူ၌ မယား တစ်ယောက်ထက်ပို၍ ထိမ်းမြားလက်ထပ်ယူထားခဲ့သဖြင့် သေဆုံးသူပိုင်သော သီးခြားအိမ်များတွင် မယားတစ်ယောက်စီနေထိုင်ကြလျှင် ထိုအိမ်အသီးသီးသည် "မိသားစုအိမ်များ" ဖြစ်ကြရမည်။

၂။ သေဆုံးသူက မိမိ၏အဘထံမှ– သော်၄င်း၊ အခြားဆွေမျိုးများထံမှ သော်၄င်း၊အမွေဆက်ခံရရှိသည့် မရွှေ့မပြောင်း နိုင်သော ရှေးဟောင်းပစ္စည်း၊ ထိုအပြင်

၃။ ထုံးတမ်းစဉ်လာဥပဒေအရ ဘိုးဘေးစဉ်ဆက် ပိုင်ပစ္စည်းများအဖြစ် ပါဝင်သော သေနတ်များ၊ ထိုသေနတ်များနှင့် ပူးတွဲပါရှိသော ပစ္စည်းများ၊ မိရိုးဖလာအဝတ်အစား၊ လက်ဝတ်လက်စား အစရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ပါဝင်သည်။

(ခ) အထက်ပါ ပစ္စည်းများမှတပါး သေဆုံးသူ၏ ကျန်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးသည် သာမန်ပစ္စည်းများဖြစ်ရမည်။

### ရှင်းလင်းချက်

(က)လင်နှင့်မယားအတူတကွကြိုးပမ်း၍ရရှိသောပစ္စည်းကို လင်သေဆုံးသောအခါ၌ သေဆုံးသူ၏ သာမန်ပစ္စည်းတွင် ထည့်သွင်းရမည်။

(ခ)လင်နှင့်မယားအတူတကွကြိုးပမ်း၍ရရှိသောပစ္စည်းသည် မယားသေဆုံးသောအခါ၌ လင်ပစ္စည်းဖြစ်ရမည်။

၃။(၁)သေဆုံးသူ၏ ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းကို အမွေဆက်ခံနိုင်ခွင့်ရှိသူများသည် အောက်ပါအစီအစဉ်အတိုင်း ဖြစ်စေရမည်။

စာ (၁၂) သို့

# အရည်သွေးပြည့်မီမှုမရှိသော မင်းတပ်မြို့တတိယမြို့ပါတ် ကျောက်ခင်းလမ်းကြောင့် ဒေသခံများစိုးရိမ်

၀၇ မတ်လ ၂၀၁၇



ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ရှိ တတိယမြို့ပါတ်လမ်း ဖောက်လုပ်ရာတွင် အရည်သွေးပြည့်မီမှုမရှိသော ကျောက်များ အသုံးပြုခြင်းကြောင့် မိုးရာသီတွင် ပျက်ဆီးလာမည့် အရေးကိုကြိုတင်တွေးဆကာမင်းတပ် ဒေသခံများ စိုးရိမ်နေကြကြောင်းကို သိရှိရသည်။

အဆိုပါမြို့ပါတ်လမ်းသည် ကျောက်ဖြင့်ခင်းသည့် ကတ္တရာလမ်းဟု ထင်မှတ်ရသော်လည်း အသုံးပြုနေသည့် ကျောက်များမှာ ဖာလုံအနည်းငယ်မျှသာဖြစ်ပြီး။ ကျန်ဖာလုံအများဆုံးတွင် အသုံးပြုသည့်ကျောက်များမှာ မြေကြီး ကျောက်များသာဖြစ်ကြောင်း။ ထိုသို့ အရည်သွေးမပြည့်သော ကျောက်များမှာမော်တော်ဆိုင်ကယ်နှင့်မော်တော်ကားများ သွားလာရာတွင်ပင် ကျေလျက်ရှိနေပြီ ဖြစ်ကြောင်း။ မြေကြီးများဖြင့်သာ ဖို့သောနေရာများသည် မိုးရာသီကာလများတွင်ပျက်ဆီးလာကာဒေသခံများ၏ သွားလာရေးကို အထူးခက်ခဲစေမည်ဖြစ်ကြောင်း CYO(Chin Youth Organization) ချင်းလူငယ် အတွင်းရေးမှူး ဆလိုင်းကီးဟုန်းမှ ပြောသည်။

"ကျတော်ဒီလမ်းကိုလေ့လာနေတာကြာပါပြီ။ အရင်ကလမ်းခင်းကျောက်တွေက ကတ္တရာလမ်းနဲ့ ကိုက်ညီပါသေးတယ်။ အခုဟာက အများဆုံးနေရာမှာအရည်သွေးကောင်းတဲ့ကျောက်တွေမသုံးပဲမြေကြီးကျောက်တွေ မြေမှုန့်တွေ သုံးနေတာကိုတွေ့နေရတယ်။ ပြီးတော့ သိရှိထားတဲ့ သတ်မှတ်ချက် အမြင့်ပေလည်းမရောက်ဘူး။ လမ်းလုပ်သားတွေကို မေးမြန်းကြည့်တော့လည်း ဖြေဖို့ကြောက်နေကြတယ်။ ဒီလိုပုံစံနဲ့ဆိုရင် ရေတိုက်စားမှုတွေကြောင့်တာရှည်ခံမှာလည်းမဟုတ်ဘူး" ဟု သူ၏ လေ့လာတွေ့ရှိချက်ကို ပြောသည်။

"ဒီလိုအရည်သွေးညံ့ဖျင်းမှုတွေ မဖြစ်အောင် လုပ်ငန်းအရည်သွေးစစ်ဆေးရေးကော်မတီကို ဖွဲ့ဖို့လိုအပ်တယ်။ ဖွဲ့ပြီးသားလည်း ဖြစ်မှာပါ။ ကော်မတီကိုလည်းလွှတ်တော်၊ထွေအုပ်၊ သက်ဆိုင်ရာဌာန၊အရပ်ဖက်လူမှုအဖွဲ့အစည်း၊ နိုင်ငံရေးပါတီတွေနဲ့ ဖွဲ့စည်းသင့်တယ်လို့ ကျတော်ကတော့မြင်တယ်" ဟု K'Cho Land Development Association ( COLDA) မှ Director တစ်ဦးဖြစ်သူဦးမေအွမ်မှ သူ၏ အမြင်ကိုပြောသည်။

ထို့အပြင် မင်းတပ်မြို့တွင် စည်ပင်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လမ်းခင်းခြင်း လုပ်ငန်းတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီလုပ်ငန်းလုပ်ဆောင်ချက်များမှာ အရည်သွေးပြည့်မီမှုများ မရှိကြောင်းကို အသိပေးတိုင်ကြားချက်များ ရရှိထားသည့်အတွက် ထိုကိစ္စကို အရည်သွေးစိစစ်ရေးဖြင့်လည်းကောင်း။ လိုအပ်ပါက အထူးအဖွဲ့ဖြင့်လည်းကောင်း ကွင်းဆင်းစစ်ဆေးကာ။ တွေ့ရှိချက်များအပေါ်တွင် အခြေခံပြီး တင်ဒါစာချုပ်ပါ စည်းကမ်းချက်များ နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်ဝန်ကြီး ဆလိုင်းအိုင်ဇက်ခင် မှ သူ၏ Facebook စာမျက်နှာတွင် တရားဝန်ဖော်ပြခဲ့ပါသည်။ မင်းတပ်မြို့ တတိယမြို့ပါတ်လမ်းသည် ယခင်ကြံ့ခိုင်ရေးအစိုးရခေတ်တွင် တင်ထားခဲ့ရာကျလာသည့်ဘတ်ဂျက်ငွေဖြစ်ပြီးတတိယမြို့ပါတ်လမ်း၏ အရှည်မှာ ၃မိုင် ၄ဖာလုံခန့်ရှိကြောင်း သိရသည်။

***Chin World***

စာ (၃) မှ

## မီဇိုရမ်နှင့်မြန်မာနိုင်ငံရှိ ဇိုး(ချင်း)မျိုးနွယ်စုများအကြား ပို၍ကောင်းမွန်သည့် စည်းလုံးမှုဖြစ်လာရန် MWO မျှော်မှန်း အဆက်

Chapchar Kut ပွဲတွင် မီဇိုရမ်ပြည်သူလူထုအနေဖြင့် လာရောက်ပါဝင်ပေးရန် ဖိတ်ခေါ်ပါတယ်" ဟု MWO မှ ထုတ်ပြန်ခဲ့ကြောင်း မီဇိုရမ်ပြည်နယ် ဒေသထုတ်သတင်းစာတွင် ဖော်ပြသည်။

မီဇိုရမ် Chapchar Kut ပွဲတော်သို့ သွားရောက်ပါဝင်ဆင်နွှဲခဲ့ကြသော Mizo Welfare Organization (MWO) Tahan အဖွဲ့ကို မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် PuLalthanhawlaမှ ညနေစာတည်ခင်းဧည့်ခံပေးခဲ့ကြောင်း၊မြန်မာနိုင်ငံရှိ ဇိုး(ချင်း)မျိုးနွယ်စုများ ရင်ဆိုင်နေရသည့် အခက်အခဲများ ပြောဆိုခဲ့ရာ ကောင်းမွန်စွာ နားထောင်ပေးသည့်အပေါ် အထူးဝမ်းမြောက်ကြောင်း MWO ကပြောသည်။

Chapchar Kut ပွဲတော်တွင် ကလေးမြို့နယ် တာဟန်းမှ ရိုးရာအကအဖွဲ့ Mizo Welfare Organization (MWO) မှ Tahan Cultural Troupe အဖွဲ့နှင့် နာမည်ကြီးတီးဝိုင်း T.Melody Band တို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ChapcharKutပွဲကြီးတွင် ဧည့်သည်တော်ကြီးအဖြစ် ချင်းပြည်နယ်ဝန်ကြီးချုပ် U Lian Luai အား ဖိတ်ကြားခဲ့သော်လည်း ပါဝင်နိုင်ခြင်းမရှိခဲ့ကြောင်းသိရသည်။

# ချင်းပြည်နယ်မတူပီမြို့တွင် တယ်လီနော ဖုန်းလိုင်း အသုံးပြုနိုင်ပြီ ဟုသိရ

၀၉ မတ်လ ၂၀၁၇



ချင်းပြည်နယ်တောင်ပိုင်းရှိ မတူပီမြို့တွင် ၉ရက် ၃လ ၂၀၁၇ခုနှစ် ညနေ (၄) နာရီနောက်ပိုင်းမှ စတင်၍ တယ်လီနောဖုန်းလိုင်းစတင်အသုံးပြုနိုင်ပြီ ဟု ဒေသခံများထံမှ သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် MEC ကိုစတင် အသုံးပြုနိုင်ခဲ့သော်လည်း အသုံးပြုရာတွင် အင်တာနက်လိုင်းများကို ကောင်းမွန်စွာ အသုံးပြု၍မရခဲ့သည့်အတွက်ဒေသခံများအနေဖြင့် အင်တာနက်အသုံးပြုရာတွင် အင်တာနက်ဆိုင် များကိုသာ အဓိကထား၍ အသုံးပြုခဲ့ရကြောင်း ထပ်မံသိရှိရသည်။

MPT ကို မတူပီမြို့နယ်ရှိ ရွာကြီးများဖြစ်သော ရေဇွာမြို့ နှင့် အချို့ရွာကြီးများတွင် စမ်းသပ် အသုံးပြုနိုင်ပြီဟု မတူပီ ဒေသခံတစ်ဦးမှ ပြောသည်။

ချင်းပြည်နယ် အတွင်းရှိ မြို့နယ် (၉) မြို့နယ်အနက် (၆) မြို့နယ်တွင် တယ်လီနော ဖုန်းလိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်ပြီဟု သိရသည်။ ***Chin World***

# ဖလမ်းမြို့မှာ ရေရှားလို့ ရေ ၁၅၀၀ လီတာကို ကျပ်နှစ်သောင်း ဖြင့်ဝယ်ယူနေ

၀၅ မတ်လ ၂၀၁၇

ဖလမ်းမြို့မှာ သောက်သုံးရေရှားလို့ လီတာ ၁၅၀၀ ကို ကျပ် နှစ်သောင်းနဲ့ဝယ်ယူလျက်ရှိကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

"ဒီနှစ်က အရင်နှစ်ကထက် ရေရှားတာ ပိုဆိုးတယ်။ ရေရှားတဲ့အကြောင်းရင်းက ရေသွယ်တဲ့ပိုက်ကို လမ်းချဲ့လို့ ကွဲကုန်တယ်။ ပြီးတော့ လမ်းနားကစမ်းတွင်းလည်း လမ်းချဲ့လို့ဖျက်ဆီးသွားပြီ။ ခုတော့ မြို့ကနေ ရှစ်မိုင်လောက်ဝေးတဲ့ လိုင်လိုခြံမှာ ရေသွားခတ်ရတယ်"ဟု ဖလမ်းမြို့ ဃဓာဘမေပ ရပ်ကွက်မှ ဆလိုင်းပြန်ပြန်ကပြောသည်။

ယခင်နှစ်များတွင် မတ်လကုန်ပိုင်းတွင်သာ ရေရှားပြီး ယခုနှစ်တွင်မူ ရေရှားတာ သုံးပတ်ကျော်နေပြီဟုၾငင်းကဆက်လက်ပြောကြားသည်။

ဟားခါးမြို့တွင်လည်းရေရှားလို့ မီးသတ်ယာဉ်များဖြစ် ရေကိုလိုက်လံဖြန့်ဝေနေကြောင်းဒေသခံများထံမှ သိရသည်။ ***Chin World***



# စာ (၁၀) မှ ချင်းဓလေ့ထုံးတမ်းစဉ်လာ – ၂၀၁၆ ၏ အဆက်

(က) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေအရ အဆိုပါပစ္စည်း၏ အမွေခံ ဖြစ်သောသေဆုံးသူ၏ သား၊မြေး၊မြစ် ယောကျ်ားအစရှိသည့် တိုက်ရိုက်ဆင်း သက်သူ၊ ထိုသူမရှိလျှင်

(ခ) သေဆုံးသူ၏ အဘ၊ ထိုသေဆုံး သူ၏ အဘမရှိလျှင်

(ဂ) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေအရ အဆိုပါပစ္စည်း၏ အမွေခံ ဖြစ်သော သေဆုံးသူ၏ အဘမှာ တိုက်ရိုက် ဆင်းသက်သူ (ညီအစ်ကို) ယောကျ်ား၊ ထိုယောကျ်ားမရှိလျှင်

(ဃ) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေအရ အဆိုပါပစ္စည်း၏ အမွေခံ ဖြစ်သောဘိုးအေ (အဘိုး)၊ (သို့တည်း မဟုတ်) ထို ဘိုးအေမှ တိုက်ရိုက်ဆင်း သက်သူ ယောကျ်ား ထိုယောကျ်ား မရှိလျှင်

(င) သေဆုံးသူ၏ အသက်ရှင်လျက် ရှိသော အကြီးဆုံးဖြစ်သည့် သမီး၊ ထိုအကြီးဆုံးသမီးမရှိလျှင်

(စ) သေဆုံးသူမှ တိုက်ရိုက်ဆင်းသက်သူ ယောကျ်ားတစ်ဦးဦး၏ အသက်ရှင်လျက်ရှိသည့်အကြီးဆုံးဖြစ်သည့်သမီး၊ ထိုအကြီးဆုံးဖြစ်သည့် သမီးမရှိလျှင်

(ဆ) သေဆုံးသူ၏ အသက်ရှင်လျက် ရှိသောအကြီးဆုံးဖြစ်သည့် အစ်မ၊နှမ၊ ထိုအကြီးဆုံးဖြစ်သည့်အစ်မ၊နှမမရှိလျှင်

(ဇ) သေဆုံးသူ၏ အမိ

၂။ သေဆုံးသူတွင် အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသည့် ဆွေမျိုးတစ်ဦးတစ်ယောက်မျှမရှိလျှင်၊ ဘေးဘိုးစဉ်ဆက် ပိုင်ပစ္စည်း (အမွေ) ကို သေဆုံးသူ၏ သာမန်ပစ္စည်းတွင် ထည့်သွင်းရမည်။

ရှင်းလင်းချက် (၁) ။ သေဆုံးသူ၏ ကျန်ရစ်သောဇနီး (မုဆိုးမ) သည် နဂို အတိုင်း မိသားစုအိမ်တွင် အခလွတ် နေထိုင်ခွင့်ရှိစေရမည်။သို့သော်နောက် အိမ်ထောင်ဆက်ပြုလျှင်ဖြစ်စေ၊ မတရားနည်းဖြင့် ပဋိသန္ဓေရရှိကြောင်း ထင်ရှားနေလျှင်ဖြစ်စေ၊ ဆက်လက် နေထိုင်ခွင့်မရှိစေရ။ (သေဆုံးသူ၌ မုဆိုးမ တစ်ယောက်ထက်ပို၍ ကျန်ရစ်လျှင် မုဆိုးမတိုင်းသည် အဆိုပါ စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ အခလွတ်နေထိုင်ခွင့် ရှိစေရမည်။

ရှင်းလင်းချက် (၂) ။ ဤစာပိုဒ်ပါ "တိုက်ရိုက်ဆင်းသက်သူယောကျ်ား" ဆိုသည်မှာ သား၊ သားမှ ဆင်းသက်သော မြေးယောကျ်ားအစရှိသော ယောကျ်ားအဆက်အနွယ်မှ ဆင်းသက်သောယောကျ်ားကို ဆိုလိုသည်။ ထိုစကားရပ်တွင် မိန်းမမှ ဆင်းသက်သောသားများ မပါဝင်ချေ။

ရှင်းလင်းချက် (၃) ။ ဒေသတစ်ခု၏ ထုံးတမ်းစဉ်လာဥပဒေတွင် မည်သို့ပင် ရှိစေကာမူ သားသမီးအားလုံးမှာ အမွေဆက်ခံပိုင်ခွင့် ရှိစေရမည်။

ရှင်းလင်းချက်(၄)။ဤဇယားပါပြဋ္ဌာန်းချက်များ၏ "သားသမီး"ဆိုသည့်စကားရပ်တွင် ဒေသတခု၏ ထုံးတမ်း စဉ်လာ ဥပဒေအရအမွေခံအမွေစားအဖြစ်မွေးစားထားသော သားသမီးများ ပါဝင်သည်။

၄။ သေဆုံးသူ၏ သာမန်ပစ္စည်းကို သေဆုံးသူ၏မုဆိုးမ(သို့တည်းမဟုတ်) မုဆိုးဖိုနှင့် အခြားဆွေမျိုးများက အောက်ပါအတိုင်း ခွဲဝေရမည်။

(က) သေဆုံးသူ၌ သားသမီးများ ကျန်ရစ်ခဲ့လျှင် သားတစ်ယောက်သည် သမီးတစ်ယောက်၏ ဝေစုထက် နှစ်ဆပိုရ စေ၍၎င်း၊ သမီးတစ်ယောက်သည် ကျန်ရစ်သူမုဆိုးမ (သို့တည်းမဟုတ်) မုဆိုးဖို ရသင့်ရထိုက်သည့် ဝေစု၏ နှစ်ဆကို ရစေ၍၎င်း၊ အမွေပစ္စည်းကို ခွဲဝေယူရမည်။

ခြွင်းချက် ။ သို့ရာတွင် သေဆုံးသူ၏ သားသမီးတစ်ဦးဦးသည် သေဆုံးသူ သက်ရှိထင်ရှားရှိစဉ်၌ သေဆုံးခဲ့ပြီး၊ ၎င်း၌ တိုက်ရိုက်ဆင်းသက်သည့် သားသမီးတစ်ဦးဦး ကျန်ရှိနေပါက ရသင့်ရထိုက်သည့် ဝေစုကို သားတစ်ယောက်သည် သမီးတစ်ယောက် ရသင့်ရထိုက်သည့် ဝေစု၏ နှစ်ဆရစေရမည်။

(ခ) သေဆုံးသူ၌ တိုက်ရိုက်ဆင်းသက်သူ သားသမီး မကျန်ရစ်ခဲ့လျှင် သာမန် အမွေပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေရမည်။

(၁) မိဘနှစ်ပါးလုံး အသက်ရှင်လျက် ရှိသေးပါက အဘနှင့်အမိသည်သော်၎င်း၊ တစ်ဦးဦးသေဆုံးပါက၊ အဘ (သို့မဟုတ်) အမိသည် အမွေပစ္စည်း တစ်ဝက်ရယူစေ၍ သေဆုံးသူ၏ ကျန်ရစ်သူခင်ပွန်း/ ဇနီးမုဆိုးမ(သို့မဟုတ်) မုဆိုးဖိုသည် အမွေပစ္စည်၏ ကျန်တစ်ဝက်ကိုရရှိစေရမည်။သို့ရာတွင်သေဆုံးသူ၏ မိဘနှစ်ပါးလုံး အသက်ရှင်လျက်ရှိပါက အဘသည် အမိရသင့်ရထိုက်သည့် အစု၏ နှစ်ဆရရှိစေရမည်။ ထို့အပြင် အမိတွင် သေဆုံးသူ၏ အဘ (သို့မဟုတ်) နောက်အိမ်ထောင်ဆက်မှ လင်ယောကျ်ား အသက်ရှင်လျက်ရှိနေပါက သေဆုံးသူ၏ အမွေ ပစ္စည်း အပေါ် မည်သည့်ရပိုင်ခွင့်မျှ မရှိစေရ။

ရှင်းလင်းချက်။ "အဘ" (သို့တည်း မဟုတ်) "အမိ" ဆိုသည်မှာ၊ သေဆုံးသူ၏ မိဘရင်းများကိုသာဆိုလိုသည်။ မိထွေးနှင့် ဘထွေးများ မပါဝင်ချေ။

(၂) အထက်ပါ ပြဋ္ဌာန်းချက်များအရ ဇနီးမယား သေဆုံးသည့်အခါ၌ ခွဲဝေပေးရမည့် အမွေပစ္စည်းသည် ၎င်းဇနီးမယားပိုင် သီးခြားပစ္စည်းများသာ ဖြစ်ရမည်။

(၅) အထက်ပါအပိုဒ်များတွင် မည်သို့ပင်ပါရှိစေကာမူ အောက်ပါပုဂ္ဂိုလ်များသည် သေဆုံးသူ၏ အမွေပစ္စည်းကို ပိုင်ဆိုင်ခွင့် (ဝါ) ထိုပစ္စည်းတွင် အစိုးရပိုင်ခွင့် မရှိစေရ။

(က) သေဆုံးသူ အသက်ထင်ရှားရှိစဉ်က ထုံးတမ်းစဉ်လာဥပ္ပဒေအရအမွေခန်း ဖြတ်ခြင်းခံရသူ (သို့တည်းမဟုတ်)

(ခ)သေဆုံးသူအားသတ်သူ(သို့တည်း မဟုတ်) သေဆုံးသူအား သတ်ရာတွင် အားပေးကူညီသူ

(၆) ကာလစည်းကမ်းသတ်ဥပဒေ (LimitationAct)နှင့် မဆန့်ကျင်စေဘဲ ၁၉၅၇ခုနှစ်ချင်းဝိသေသတိုင်းအက်ဥပဒေ (ပြင်ဆင်ချက်) စတင်အာဏာတည်သည့်နေ့ရက်(၁၆–၁၀–၅၇)တွင်မဆုံးဖြတ်ရသေးသောအမှုများကိုဤဇယား တွင်ပါရှိသော ပြဋ္ဌာန်းချက်များအညီ စီရင်ဆုံးဖြတ်ရမည်။

Source: The Chin Customary Law of Inheritance and Succession As Practiced Among the Chins of Haka Area-by Pu Lian Uk-B.A. (Law). Submitted in Partial Fulfillment of the Requirements for the Degree of LI. B-1968 (Daptt. Of Law). Arts and Science University, Rangoon.

ကျွန်တော် ၁၉၅၇ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေ (ပြင်ဆင်ချက်) အားတင်ပြခြင်းဟာကနေ့လူငယ်များမသိမီလိုက်တဲ့ကာလမှာ ချင်းဓလေ့ထုံးတမ်းစဉ်လာဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ကာ ၎င်းကို စုံစမ်းရှာဖွေပြီး မှီငြမ်းပြုစုရင် ပိုမိုပြည့်စုံလေမလေးဆိုတဲ့ စေတနာနဲ့ မီးမောင်းထိုးပြလိုတာသာဖြစ်ပါတယ်။ ကျွန်တော် လက်လှမ်းမီတဲ့ အမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေနဲ့ ၎င်းဥပဒေပြင်ဆင်ချက်ကနေအစကောက်ပြီးကျန်အခန်းကဏ္ဍများကိုပါ ဖြည့်စွက်နိုင်သွားမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ■

## ကလေးမြို့တွင် ကလေးငယ်၂ ဦး ဆိုင်ကယ်တိုက်ခံရပြီးသေဆုံး



၁၃ မတ်လ ၂၀၁၇

ကလေးမြို့၊ မြို့သာရပ်ကွက် ကလေး–ဂန့်ဂေါလမ်းမကြီးပေါ်မှာ ဒီကနေ့မနက် ၁၀ နာရီခွဲလောက်က ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့ပြီး ကလေးငယ် ၂ ဦး သေဆုံးသွားပါတယ်။

ကလေးမြို့မရဲစခန်း တာဝန်ရှိသူ ရဲအုပ်တဦးက "စူပါကတ် ဆိုင်ကယ်နဲ့၂ယောက်တစီး။အဲဒီမှာလမ်းအနောက်ခြမ်းကနေ Rayအမျိုးအစား ဇီးရောင်ဆိုင်ကယ်က လမ်းပေါ်ဖြတ်အတက် တိုက်မိတာ။ ကလေးတဦးက နေရာမှာတင် ဦးခေါင်းပွင့်ပြီး သေဆုံးသွားတယ်။ တဦးကတော့ ဆေးရုံရောက်မှ ဆုံးသွားတယ်" လို့ ဆိုပါတယ်။

ကလေးတွေကို တိုက်သွားတဲ့ ဆိုင်ကယ်ကတော့ ထွက်ပြေးသွားတာဖြစ်ပြီး သားရေဂျာကင်ဝတ်ထားတဲ့ အမျိုးသားတဦး ဖြစ်တယ်လို့လည်း သိရပါတယ်။

သေဆုံးတဲ့ ကလေးတွေဟာ အသက် ၁၃ နှစ်၊ ၁၄ နှစ် အရွယ်တွေလို့ ခန့်မှန်းရပြီးသူတို့ရဲ့မိသားစုကဆက်သွယ်လာတာ မရှိသေးလို့ သူတို့နဲ့သက်ဆိုင်တဲ့ အချက်အလက်တွေကို မသိရသေးပါဘူး။

ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး ကလေးမြို့မရဲစခန်းက တိုက်ပြီး ထွက်ပြေးသူကို လိုက်လံစုံစမ်းနေပြီး ရာဇသတ်ကြီး ပုဒ်မ ၃၀၄(က) နဲ့ အမှုဖွင့်သွားမယ်လို့လည်း ရဲအုပ်လယ်မန်းက ဆိုပါတယ်။

*dvb*

# ကွာရှင်းရန်အမှုဖွင့်ပြီး သမီးဖြစ်သူအား စောင့်ရှောက်ခွင့် တောင်းခံထားသည့် စကားလက်ဂျိုဟန်ဆန်




အမေရိကန်မင်းသမီး စကားလက်ဂျိုဟန်ဆန်သည် ခင်ပွန်းဖြစ်သူ ပြင်သစ်ဂျာနယ်လစ် ရိုမိန်းဒေါရစ် နှင့် ယခု အပတ်အတွင်း ကွာရှင်းရန်အမှုဖွင့်ထားပြီး ၄င်းတို့စုံတွဲ၏ သမီးဖြစ်သူအား အပြည့်အဝ စောင့်ရှောက်ခွင့်ရရန် အတွက် တောင်းဆိုထားသည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဂျိုဟန်ဆန်သည် ပြီးခဲ့သောအင်္ဂါနေ့တွင် နယူးယောက်တရားရုံးချုပ်၌ ကွာရှင်းရန် အမှုဖွင့် ထားခဲ့ပြီး ၄င်းတို့စုံတွဲ၏ ၂ နှစ်အရွယ် ရို့စ်အမည်ရှိသမီးလေးအား တရားဝင် ပူးတွဲစောင့်ရှောက်ခွင့်ရရန် နှင့်အတူ တကွနေထိုင် စောင့်ရှောက်နိုင်ရန်အတွက် တောင်းဆိုထားကြောင်း တရားရုံးအချက်အလက်များအရ သိရသည်။

၄င်းတို့စုံတွဲသည် ပြီးခဲ့သော ၂၀၁၄ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည်။ ပြီးခဲ့သောဗုဒ္ဓဟူးနေ့တွင်ဒေါရစ်က တရားရုံး၌ တရားဝင်ကွာရှင်းရန် အမှုဖွင့်ခဲ့သော ဂျိုဟန်ဆန်၏ လုပ်ရပ်မှာ ကံမကောင်းအကြောင်းမလှသော အခြေအနေတစ်ခုဖြစ်ပြီး သူမသည် ၄င်းတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများအား အများအမြင်၌ ထင်ထင်ရှားရှားဖြစ်အောင် လုပ်ဆောင်ခဲ့ကြောင်း ပြောခဲ့သည်။

သို့သော်လည်း မင်းသမီးဂျိုဟန်ဆန်ကတော့ ကွာရှင်းမှုနှင့် ပတ်သက်၍ မှတ်ချက်များပေးရန် ငြင်းဆန်ခဲ့သည်။ ပြီးခဲ့သော ဇန်နဝါရီလတွင် ၄င်းတို့စုံတွဲ လမ်းခွဲပြတ်ဆဲကြောင်း မီဒီယာများက သတင်းထုတ်ပြန်ခဲ့အပြီးတွင် ယခုလို တရားဝင်ကွာရှင်းရန် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဒေါရစ်၏ ရှေ့နေဖြစ်သူကတော့ ၄င်းတို့နှစ်ဦးစလုံးသည် လောလောဆယ်တွင် နယူးယောက်၌သာရှိနေဆဲဖြစ်ပြီး သီးခြားစီနေထိုင်နေကြသည်ဟု ပြောခဲ့သည်။

***mizzima***

# ပရိသတ်ရှေ့မှောက် ပြန်လာမည့်ရက် အတိအကျအား Girl's Day အဖွဲ့ကြေညာ



မတ်လ ၁၀ ရက်နေ့တွင် ကိုရီးယား အမျိုးသမီးဂီတအဖွဲ့ Girl's Day အဖွဲ့သည် ပရိသတ်ရှေ့မှောက်ကို ပြန်လည် ရောက်ရှိလာမည့်ရက်အတိအကျအား ကြေညာခဲ့သည်။

၄င်းတို့၏အေဂျင်စီမှ Girl'sDay အဖွဲ့သည်လာမည့်မတ်လ ၂၇ ရက်နေ့တွင် ၄င်းတို့၏ အယ်လ်ဘမ်အသစ်ဖြင့် ပရိတ်သတ်ထံ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ယခင်က Girl'sDayအဖွဲ့သည် သီချင်းအသစ်များ ထွက်ရှိလာနိုင်သည့် ရက်စွဲကိုအကြိမ်ကြိမ် နောက်ပြန်ဆုတ်ခဲ့ရသော်လည်း ယခုတွင် သီချင်းအသစ်ထွက်ရှိမည့် ရက်အတိအကျမှာ သေချာသွားပြီဖြစ်သည်။ ဒါ့အပြင် Girl's Day အဖွဲ့သည် ၄င်းတို့၏ သီချင်းဗွီဒီယိုအတွက် ရိုက်ကူးမှုများကို လာမည့်မတ်လ ၁၂ ရက်နေ့တွင် စတင်မည် ဖြစ်သည်။

Girl's Day အဖွဲ့သည် လွန်ခဲ့သော တစ်နှစ်နှင့်ကိုးလအကြာက LOVE အမည်ရှိ သီချင်းအယ်လ်ဘမ်ကို နောက်ဆုံးထွက်ရှိထားခဲ့ပြီး ပရိတ်သတ်များနှင့် ကင်းဝေးနေခဲ့သည်။ ပရိသတ်ရှေ့မှောက်ထံ ပြန်လည်ရောက်ရှိလာမည့်အချိန်မှာ ကြာမြင့်ခဲ့သောကြောင့် ၄င်းတို့၏ သီချင်းအယ်လ်ဘမ်ကို မျှော်လင့်စောင့်စားနေသူအများအပြားရှိနေသည်။ ဒါ့အပြင် အဖွဲ့၏ သီချင်းအယ်လ်ဘမ်သစ်မှ ခေါင်းစီးသီချင်းကို နာမည်ကျော်ထုတ်လုပ်သူ ရိုင်ယန်ဂျွန်မှ ထုတ်လုပ်မည်ဟု သိရသည်။

***mizzima***

# အော်လန်ဒိုဘလွန်းနှင့် လမ်းခွဲခဲ့မှုတွင် မည်သူ့ကိုမှ အပြစ်တင်စရာမလိုကြောင်း ကေတီပယ်ရီပြော

နာမည်ကျော်အဆိုတော် ကေတီပယ်ရီသည် မင်းသားအော်လန်ဒိုဘလွန်းနှင့်လမ်းခွဲပြတ်ဆဲခဲ့သည့် သူမ၏ အချစ်ရေးကိစ္စနှင့် ပတ်သက်၍ ပထမဦးဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။

သူမသည် အော်လန်ဒိုဘလွန်းနှင့်အတူ ချစ်သူအဖြစ် လက်တွဲခဲ့ပြီး ၁၅ လအကြာတွင်လမ်းခွဲခဲ့သည်။ ပရိတ်သတ်ပေါင်းသန်း ၉၀ ခန့် ရှိသည့် သူမ၏ တွစ်တာ၌ နှစ်ဦးသားလမ်းခွဲခဲ့မှုတွင် မည်သူ့ကိုမှအပြစ်တင်စရာမလိုကြောင်းနှင့် မည်သူကမှ ဗီလိန်မဟုတ်ခဲ့ပါဟု ရေးသားခဲ့သလို သူမ၏ မိုင်လီဆိုင်းရုပ်ကဲ့သို့ ဆံပင်ပုံစံအသစ်ကိုလည်းတွစ်တာပေါ်၌တင်ခဲ့ကာပရိတ်သတ်များကိုပြသခဲ့သည်။

ကေတီပယ်ရီနှင့် အော်လန်ဒိုဘလွန်းတို့ ချစ်သူမဖြစ်ခင်က ၄င်းတို့နှစ်ဦးစလုံးတွင် ယခင်အိမ်ထောင်ရှိခဲ့ကြဖူးသည်။ အော်လန်ဒိုဘလွန်းသည် ဇနီးဟောင်း မီရန်ဒါခါးနှင့် ၂၀၁၃ ခုနှစ်တွင် ကွာရှင်းပြတ်ဆဲခဲ့သလို ကေတီပယ်ရီသည်လည်း ၂၀၁၂ ခုနှစ်တွင် ခင်ပွန်းဟောင်း ဗြိတိန် ဟာသသရုပ်ဆောင် ရက်ဆဲလ်ဘရန်းနှင့် ပြတ်ဆဲခဲ့သည်။

ကေတီပယ်ရီက သူမနှင့် အော်လန်ဒိုဘလွန်းတို့ နှစ်ဦးစလုံးသည် သူငယ်ချင်းများအဖြစ် ဆက်လက်ရှိနေကြမည်ဟု ပြောခဲ့ပြီး ပြီးခဲ့သော တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် အော်စကာဆုပေးပွဲ၌ အတူတကွ ဓာတ်ပုံရိုက်ခဲ့ကြသည်။

***mizzima***





# သမီးလေးမွေးဖွားလိုက်တဲ့ Natalie Portman

မင်းသမီး Natalie Portman မှာ ဒီနှစ်ကျင်းပတဲ့ အော်စကာဆုပေးပွဲကို မတက်ရတဲ့ အကြောင်းအရင်းကောင်းကောင်း ရှိနေခဲ့ပါတယ်။

ဒါကတော့သူ့ရဲ့ဒုတိယမြောက်ကလေးကို ဆုပေးပွဲမကျင်းပမီ ၄ ရက်အလိုမှာမွေးဖွားခဲ့လို့ပါပဲ။ မင်းသမီးနဲ့ ကကွက်တီထွင်သူ ပြင်သစ်လူမျိုးခင်ပွန်းဖြစ်တဲ့ Benjamin Millepied တို့က Amaliaလို့ အမည်ပေးထားတဲ့ သမီးလေးရဲ့ ဂုဏ်ယူဖွယ်မိဘတွေဖြစ်နေပါပြီ။ Portman က ဖေဖော်ဝါရီလ ၂၂ ရက်က ကလေးမွေးဖွားခဲ့တာဖြစ်ပြီး "ကလေးရောမိခင်ပါ ပျော်ရွှင်ကျန်းမာပါတယ်"လို့ ကိုယ်စားလှယ်ကဖြစ်သူက People မဂ္ဂဇင်းကို မတ်လ ၃ ရက်က ပြောပြခဲ့ပါတယ်။

Portman (၃၅ နှစ်)နှင့် Millepied (၃၉ နှစ်) တို့က သူက ကွက်တီထွင်ပေးခဲ့တဲ့ ၂၀၁၀ ခုနှစ်က Black Swan ဇာတ်ကားရိုက်ကွင်းမှာ ဆုံတွေ့ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ သူတို့မှာ Aleph ဆိုတဲ့ ၅ နှစ် အရွယ်သားလေးလည်း ရှိပါသေးတယ်။ သစ်ထူးလွင်



# ပေါလ်ဝက်စ်လေ နှင့် ဖိုဘီတွန်ကင်တို့ လမ်းခွဲပြတ်ဆဲ

The Vampire Diaries ရုပ်သံဇာတ်လမ်းတွဲဖြင့် လူသိများသောမင်းသား ပေါလ်ဝက်စ်လေနှင့်မင်းသမီးဖိုဘီတွန်ကင်တို့သည် လေးနှစ်နီးပါးခန့် လက်တွဲခဲ့ပြီးနောက်တွင် လမ်းခွဲပြတ်ဆဲလိုက်ပြီဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဝက်စ်လေနှင့် ၂၇ နှစ်အရွယ်ရှိတွန်ကင်တို့သည် CW မှထုတ်လွှင့်သော The Vampire Diaries ရုပ်သံဇာတ်လမ်းတွဲ၏ ရိုက်ကွင်း၌ ၂၀၁၂ က စတင်တွေ့ရှိခဲ့ပြီးနောက်တွင် လက်တွဲခဲ့ကြသည်။ တွန်ကင်သည် အဆိုပါဇာတ်လမ်းတွဲ၌ ဟာလေမာရှယ် ဇာတ်ကောင်နေရာမှ စတင်သရုပ်ဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ခွဲထွက်ထုတ်လွှင့်ခဲ့သော The Originals ရုပ်သံဇာတ်လမ်းတွဲ၌ ပါဝင်ခဲ့သည်။

ဝက်စ်လေနှင့် တွန်ကင်တို့နှစ်ယောက်ကို လူမြင်ကွင်း၌ အတူတကွတွဲလျက် မြင်လိုက်ရသော နောက်ဆုံးအချိန်မှာ ပြီးခဲ့သော ၂၀၁၆ ဒီဇင်ဘာ ၂၀ ရက်နေ့က ဖြစ်သည်။ ***mizzima***



# Gmail မှာ 50MB အထိ ကြီးမားတဲ့ Attachment File တွေတွဲပို့နိုင်ပြီ

ဒီနေ့ခေတ်မှာ ကြီးမားတဲ့ ဖိုင်တွေကို ပို့ဆောင်နိုင်ဖို့ နည်းလမ်းများစွာ ရှိလာပါပြီ။ ဒါပေမယ့် တစ်ခါတစ်လေ ကျရင် Email တွေနဲ့တွဲပြီး ပို့ဆောင်ဖို့ အတွက်ကတော့ အခက်အခဲ တွေ့နေကြဆဲပါ။ဒါပေမယ့်သင်က Gmailအသုံးပြုသူတစ်ဦးဆိုရင်တော့ ဒီအခြေအနေကို သင်ကောင်းကောင်း ကျော်လွှားသွားနိုင်တော့မှာဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ Google က Gmail လိပ်စာတွေအနေနဲ့ Attachment တွေကို 50MB အထိ ကြီးမားတဲ့ ဖိုင်တွေအထိ လက်ခံပို့ဆောင်နိုင်ပြီဖြစ်ကြောင်း Blogကနေတစ်ဆင့် ပြောကြားခဲ့လို့ပဲဖြစ်ပါတယ်။Googleအနေနဲ့ယခင် 25MB ရှိတဲ့ ပမာဏကနေ နှစ်ဆအထိ တိုးမြှင့်ပေးလိုက်တာလည်းဖြစ်ပါတယ်။

ယခုအချိန်မှာ Google ကနေ ထုတ်လုပ်ထားတဲ့ Gmailအပါအဝင် Personal Email Address တွေကို အသုံးပြုသူ တွေသန်းပေါင်းများစွာရှိလာပြီဖြစ်ပေမယ့် တခြား Email တွေဖြစ်တဲ့ Outlook နဲ့ Yahoo တို့လို Mail တွေကိုလည်း အသုံးပြုနေသူတွေ များစွာရှိနေဆဲပါပဲ။


သစ်ထူးလွင်

# Boston Dynamic ရဲ့ အမြင့်လေးပေကိုခုန်နိုင်တဲ့ သားပိုက်ကောင်ပုံစံစက်ရုပ်

စက်ရုပ်ကုမ္ပဏီရဲ့ Boston Dynamic ဟာ အားလုံးနဲ့ ရင်းနှီးပြီးသား ဖြစ်စေမယ့် စက်ရုပ်တစ်မျိုးကို ထုတ်လုပ်လိုက်ပါတယ်။ BostonDynamicအနေနဲ့ ခွေးစက်ရုပ်တွေ၊ နွားပုံစံ ဝန်ချီစက်ရုပ်တွေကို တီထွင်နာမည်ကျော်တဲ့ ကုမ္ပဏီတစ်ခုပါ။

ဒီတစ်ခါမှာလည်း BostonDynamic ဟာ နောက်ထပ် အမိုက်စားစက်ရုပ်တစ်ခုအနေနဲ့ ၆.၅ပေ အရပ်ရှိပြီး၊ တစ်နာရီ ကိုးမိုင်နှုန်းနဲ့ အမြင့်ဒေါင်လိုက် လေးပေအမြင့်ကိုခုန်သွားနိုင်မှာပါ။ဒါကတကယ်ကို မယုံနိုင်စရာပါပဲ။ ကမ္ဘာပေါ်မှာ ဒီလိုခုန်နိုင်တဲ့ စက်ရုပ်တွေ အတော်ရှားပါသေးတယ်။ဒီအထဲကမှ ဒီသားပိုက်ကောင်ပုံစံစက်ရုပ်လေးလည်း အပါအဝင်ဖြစ်ပါတယ်။

BostonDynamicစက်ရုပ်ဟာ နာမည်ကိုတော့ အတိအကျ မပေးရသေးပဲ၊ပုံစံကတော့လူတစ်ယောက် နောက်ပြန်လမ်းလျှောက်နေတဲ့ ပုံစံနဲ့လည်း အနည်းငယ်ဆင်တူပါတယ်။ စက်ရုပ်ရဲ့ စွမ်းဆောင်ရည်ကို အောက်မှာကြည့်ကြည့်ပါဦး။ သစ်ထူးလွင် ■



# ဂျင်း (Ginger) အသုံးဝင်ပုံ



ဥအတက်ကိုသာ များသောအားဖြင့် အစားအသောက်တွင်လည်းကောင်း၊ ဆေးဝါးများအဖြစ်သော်လည်းကောင်း အသုံးပြုတက်ပါသည်။

၎င်းဂျင်းအတက်များကိုမြန်မာပြည်အပါအဝင် နိုင်ငံတော်တော်များများတွင် ဟင်းလျာများ၌လည်းကောင်း၊ စားစရာ အဖြစ်လည်းကောင်း၊ ငရုတ်သီးအစားထိုး ပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုကြသည်။ အသံဝင်ခြင်း၊ အသံပျက်ခြင်း၊ လည်ချောင်းနာခြင်းများအတွက် ဂျင်းပါးပါး ၇ လွှာအား ထန်းလျက် ၃ လုံး ထည့်၍ ရေသုံးခွက် တစ်ခွက်တင် ကျိုပြီး သောက်ခြင်းဖြင့် ရောဂါပျောက်ကင်းစေနိုင်ပါသည်။

ရာသီ အပြောင်းအလဲကြောင့် ဖြစ်ပေါ်တက်သော တုပ်ကွေးဖျားခြင်း၊ ချမ်းစိမ့်စိမ့်ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်းစသော ရောဂါများတွင်လည်း ဂျင်းနှင့်ထန်းလျက်ကို အထက်ပါအတိုင်း နံနက်တစ်ကြိမ်၊ ည တစ်ကြိမ် သောက်သုံးခြင်း၊ဟင်းလျာများတွင် ယခင်ကထက်အနည်းငယ်ပိုထည့်၍ချက်ပြုတ်စားသောက်ခြင်းဖြင့် ရောဂါပျောက်ကင်းစေပါသည်။ အနောက်တိုင်း သုတေသီတချို့မှ ဂျင်းကို စားသုံးခြင်းဖြင့် virus များကြောင့်ဖြစ်သည့် အချိုးရောဂါ တော်တော်များများ ပျောက်ကင်းနိုင်ကြောင်း တွေ့ရှိထားပါသည်။

ဂျင်း၊ ဖန်ခါးသီးနှင့် ထောပတ်ကိုရောချက်၍ သက်ရှည်တေဆေးအဖြစ်လည်းအသုံးပြုနိုင်ကြပါသည်။သွားကိုက်ရောဂါတွင် ဂျင်းကို ပါးပါးလှီး၍ အုံပေးခြင်းဖြင့် သွားကိုက်ရောဂါ ပျောက်ကင်းစေပါသည်။နားကိုက်ရောဂါတွင်ဂျင်းစိမ်းသတ္တုရည်နွေးနွေးအား နားတွင် ခတ်ပေးခြင်းဖြင့် နားကိုက်ရောဂါ ပျောက်စေပါသည်။ ဇက်ကြော တက်သူများအတွက် ဂျင်းပါးပါးလှီးပြီး မီးအနည်းငယ်ပြပါ။ ပြီးလျှင် ဇက်ကြောတက်သည့်နေရာ၌ ကပ်ပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။ သွေးကြောပိတ်၍ ဖြစ်ပေါ်တက်သော အချို့ခြေထိပ်နာများ၊ ခြေဖျားအေးခြင်းများကို ဂျင်းစိမ်း ၂ ကျပ်ခွဲသားအား သေးသေးလှီးပြီး အရက်တစ်ပုလင်းတွင် စိမ်ပါ။ နံနက် တစ်ဇွန်း ည တစ်ဇွန်း တိုက်ပေးပါ။အနာပေါ်သို့လည်းလောင်းထည့်ပေးပါ။

ဤသို့ဖြင့်သွေးကြောကျဉ်းခြင်းများ၊ ပိတ်ခြင်းများဖွင့်ခါ သက်သာပျောက်ကင်းစေနိုင်ပါသည်။ အမျိုးသမီးများ မီးဖွားပြီး သားအိမ်မကျက်ဘဲ ဖျားနာခြင်းများအတွက် ထန်းလျက် ၂ ကျပ်သား၊ ဂျင်း ၁ ကျပ်သားအား ရေတစ်ပိ သာတွင် တစ်ဝက်ခန့်ဖြစ်အောင် ကျိုပါ။ ပြီးလျှင် တစ်ခါသောက် ၂ အောင်စ သောက်ခြင်းဖြင့် ၎င်းရောဂါကို ပျောက်ကင်းစေပါသည်။

သစ်ထူးလွင်

# ဘာကြောင့် ဝရတာလဲ လို့ သင်သိချင်ပါသလား

ဝရတဲ့ အကြောင်းရင်းကို တိုတိုရှင်းရှင်းပြရရင်တော့ အစာကို အလွန်အမင်းစားခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှု မလုံလောက်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ကိုယ်အလေးချိန်ကျဖို့ဆိုရင်တော့ ကိုယ်လက်လှုပ်ရှားမှုများများလုပ်ပြီး အစားအသောက်လျှော့စားကာ ကယ်လိုရီပမာဏ လျှော့ချဖို့လိုပါတယ်။

ဒီလိုပြောတော့လွယ်ပေမယ့် လက်တွေ့မှာလိုက်နာဖို့ကျတော့ခက်လှပါတယ်။ ဒီနေ့ခေတ်အလုပ်တွေဟာ အထိုင်များပြီးလှုပ်ရှားမှုနည်းတဲ့အလုပ်တွေဖြစ်လာတာကြောင့်နဲ့ အစားအသောက် စားသောက်တဲ့ အလေ့အထကြောင့် ဖြစ်ပါတယ်။

အစားအသောက်စားတဲ့နေရာမှာ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံများများ၊ ထမင်းအသင့်အတင့်နဲ့ အသား၊ငါးအသင့်အတင့်ကိုပဲ စားသင့်တာဖြစ်ပေမယ့် ဝတဲ့သူအများစုဟာ ထမင်းအများအပြား၊ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံနည်းနည်းကိုပဲ စားလေ့ရှိတာကြောင့်ပါ။ ဒါ့အပြင် အလုပ်လုပ်ချိန်ပိုရဖို့အတွက် အစာကိုခပ်မြန်မြန်စားသောက် တဲ့အကျင့်ကလည်း အစာကို ပိုမိုစားဖြစ်စေတဲ့အချက်ပါပဲ။

ဒီနေ့ခေတ်မှာ အားကစားလုပ်ဖို့ အချိန်မပေးနိုင်ဘူးဆိုတဲ့အကြောင်းပြချက်ကြောင့်လည်း ဝစေပါတယ်။အားကစားခန်းမ (Gym)သွားပြီး အားကစားကို တကူးတကမလုပ်နိုင်ရင်တောင် အိမ်မှာပဲ ရေမချိုးခင် လမ်းလျှောက်တာ၊ ထိုင်ထလုပ်တာ၊ ဒိုက်ထိုးတာ စတဲ့အားကစားတွေကို အချိန်ရသလောက် ပြုလုပ်ပေးနိုင်ပါတယ်။ နံနက်တိုင်း သွားမတိုက်ရမနေနိုင်တဲ့ အကျင့်တစ်ရပ်လိုဖြစ်နေအောင် ကိုယ်လက်လှုပ်ရှားမှုကို ဆောင်ရွက်ပေးသင့်ပါတယ်။

ကိုယ်ရဲ့ဘဝနေထိုင်မှု ဟန်ပန်တချို့ကိုပြောင်းလဲလိုက်မယ်ဆိုရင်



တော့ ဝရတဲ့ အကြောင်းရင်းအတွက် စိတ်ညစ် နေစရာလိုမှာ မဟုတ်တော့ပါဘူး။ သစ်ထူးလွင်


# ပဲနီလေး

ခွက်တစ်ခွက်ရဲ့ လေးပုံတစ်ပုံစာ ပဲနီလေးမှာ ပရိုတင်း ၁၃ ဂရမ်၊ ဝမ်းဗိုက်ပြည့်တင်းမှု ရစေတဲ့အမျှင်ဓာတ် ၁၁ ဂရမ်နဲ့ မောပန်းမှုကို တွန်းလှန်နိုင်တဲ့ သံဓာတ် ၅ မီလီဂရမ် ပါဝင်ပြီး ကယ်လိုရီ စုစုပေါင်း ၁၆၁ သာရှိပါတယ်။

ဟားဗက် လူ မှု ဆေး ပညာ တက္ကသိုလ်မှ လေ့လာမှုအရ သုတေသီတွေက တစ်ပတ်ကို ပဲနီလေး အနည်းဆုံး နှစ်ကြိမ် စားသူတွေဟာ တစ်လကို တစ်ကြိမ်ထက်နည်းပြီး ပဲနီလေး စားသူတွေထက်သားမြတ် ကင်ဆာ ဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်း လျော့နည်းသွားတာကို သုတေသီတွေက တွေ့ရှိခဲ့ပါတယ်။

ဒါ့အပြင်ပဲနီလေးဟာသွေးတွင်းသကြားဓာတ်ကို တည်ငြိမ်စေတဲ့အတွက် ဆာလောင်မှုမဖြစ်တာကြောင့်ကိုယ်အလေးချိန်လျှော့ချရာမှာ အသုံးဝင်တယ်လို့လည်း လေ့လာမှုခြောက်ခုအရ သိရပါတယ်။

သစ်ထူးလွင်



## အသင်းကိုသတ်နေသူဟုဆိုကာ အာစင်ဝင်းဂါးကို အာဆင်နယ်ပရိသတ်များ ဆန္ဒပြ




အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးသည့်ညတွင် အာဆင်နယ်ပရိသတ်များသည် အာစင်ဝင်းဂါးကို အသင်းမှ ထွက်ခွာရန်တောင်းဆိုဆန္ဒပြခဲ့ကြပြီး အသင်းကိုသတ်နေသူဟုပင် စွပ်စွဲခဲ့ကြသည်။

အာဆင်နယ်အသင်း ပရီးမီးယားလိဂ်ချန်ပီယံပြေးလမ်းပေါ်မှ ခြေချော်ခဲ့ရမှု၊ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်ကို၅–၁ ဂိုးဖြင့် အရှက်တကွဲရှုံးခဲ့ရမှုတို့ကြောင့် နည်းပြဝင်းဂါးမှာ ပရိသတ်များ၏ မနှစ်မြို့ခံရမှုကို ပိုမိုကြုံတွေ့ခဲ့ရသည်။

၁၉၉၆ကတည်းကအာဆင်နယ်ကိုကိုင်တွယ်လာခဲ့သည့် ပြင်သစ်လူမျိုးနည်းပြက ၎င်းတည်ဆောက်ခဲ့သည့်အသင်းက ထွက်ခွာရန်ဖိအားပေးဖွယ်မရှိဟု တနင်္လာနေ့တွင် ပြောဆိုထားသည်။

သို့သော် ဘိုင်ယန်မြူးနစ်ကို အမ်းမရိတ်စ်တွင်လက်ခံကစားသည့် ဒုတိယအကျော့ပွဲတွင် အာဆင်နယ် ပရိသတ်အချို့သည် နည်းပြနှင့်သဘောထား မတိုက်ဆိုင်တော့ကြောင်းကို အတိအလင်းထုတ်ဖော်ခဲ့ကြသည်။

ကွင်းအပြင်ဘက်တွင်ပရိသတ် ၂၀၀ ခန့်စုရုန်းပြီး "အာစင်ဝင်းဂါးကျွန်ုပ်တို့ခင်ဗျားကိုထွက်သွားစေချင်တယ်။ အာစင်ဝင်းဂါး ခင်ဗျားက ကျွန်ုပ်တို့အသင်းကိုသတ်နေတာ"ဟု သံပြိုင်အော်ဟစ်ခဲ့ကြသည်။

နွေရာသီတွင်စာချုပ်သက်တမ်းကုန်မည့်ဝင်းဂါးကို ထပ်မံစာချုပ်ချုပ်ဆိုခြင်းမပြုရန်လည်း အသင်းတာဝန်ရှိသူများကို ပရိသတ်များက စာတမ်းများကိုင်ဆောင်ကာ တောင်းဆိုခဲ့ကြသည်။

ပရိသတ်တစ်ဦးဆိုလျှင် ဝင်းဂါးကို "ခေါင်းမာတယ်၊ ဒိတ်အောက်နေပြီ၊ နလပိန်းတုံး" ဟုပင် တံဆိပ်ကပ်ခဲ့ပြီး အခြားပရိသတ် အများစုမှာ ၎င်းတို့၏ ပွဲကြည့်လက်မှတ်များကို ပြန်လည်ရောင်းချခြင်းဖြင့် သပိတ်မှောက်ခဲ့ကြသည်။

***mizzima***

## ရာသီအကုန်တွင် အာဆင်နယ်အသင်းမှ ဆန်းချက်ဇ် ပြောင်းရွှေ့တော့မည်




လီဗာပူးလ်နှင့်ပွဲတွင် ပထမပွဲထွက်စာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် ချီလီလက်ရွေးစင်တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်မှာရာသီအကုန်တွင်အာဆင်နယ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့ သည်။

လီဗာပူးလ်နှင့်ပွဲတွင် ဆန်းချက်ဇ်အား အရန်ခုံတွင်ထိုင်ခိုင်းခဲ့ခြင်းမှာ နည်းဗျူဟာကြောင့်ဟု အာစင်ဝင်းဂါးက ပြောဆိုခဲ့သော်လည်း သတင်းစာများက ဆန်းချက်ဇ်မှာ အာစင်ဝင်းဂါးအပြင် အသင်းဖော်များနှင့်ပါ လေ့ကျင့်ရေး ကွင်း၌ အခြေအတင်ဖြစ်ခဲ့ခြင်းကြောင့် ချန်လှပ်ခဲ့ခြင်းဟု ဖော်ပြခဲ့ကြသည်။

အာဆင်နယ်အသင်းနှင့် နီးစပ်သူတစ်ဦးက နည်းပြအာစင်ဝင်းဂါးမှာ ဘိုင်ယန်မြူးနစ်အသင်းအား ၅–၁ ဂိုးဖြင့် ရှုံးနိမ့် ခဲ့သည့်ပွဲစဉ်ကတည်းက ဆန်းချက်ဇ်၏ အပြုအမူကိုသဘောကျခြင်းမရှိခဲ့ကြောင်းဆိုသည်။ ထိုပွဲတွင် ဆန်းချက်ဇ်မှာ အသင်းဖော်များကို ကွင်းအတွင်း ဝေဖန်ပြောဆိုခဲ့သည့်အပြင် အဝတ်လဲခန်းတွင်လည်း စကားအချေအတင်ဖြစ်ခဲ့ကြသည်။

နည်းပြအာစင်ဝင်းဂါးအပြင် အသင်းဖော်များနှင့်ပါ အဆင်မပြေသည့်အတွက် ဆန်းချက်ဇ်ကလည်း လာမည့်ရာသီသစ်တွင် အသင်းသစ်ရှာဖွေရန် စီစဉ်နေပြီဖြစ်သည်။ အာဆင်နယ်အသင်းက တစ်ပတ်လုပ်ခလစာငွေ ပေါင် ၁၈၀,၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားမှုကို ဆန်းချက်ဇ်က ပယ်ချထားသည်။ ဆန်းချက်ဇ်အား ပြင်သစ်ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းကတစ်ပတ်လစာငွေပေါင်၃သိန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်။ ***mizzima***

## ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အာဂျင်တီးနားက ထိပ်ဆုံးမှာ ရပ်တည်၊ မြန်မာအသင်း (၁၃)ဆင့် ကျသွားခဲ့



မတ်လအတွက် ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ရာ အာဂျင်တီးနားအသင်းက ထိပ်ဆုံးကနေ ဆက်လက်ဦးဆောင်ခဲ့ပါတယ်။

ဒီလအတွက်ထိပ်ဆုံး(၁၀)နေရာမှာအပြောင်းအလဲမရှိခဲ့ပဲ ဒုတိယနေရာက ဘရာဇီးလ်နောက်မှာ ဂျာမနီအသင်းက ရပ်တည်နေပါတယ်။

အဆင့် ၄ နေရာက ချီလီနောက်မှာဘယ်လ်ဂျီယံနဲ့ပြင်သစ်၊ကိုလံဘီယာက အဆင့် ၇ သူ့နောက်မှာ ပေါ်တူဂီ၊ ဥရုဂွေးနဲ့ စပိန်အသင်းတို့ အသီးသီး ရပ်တည်နေပါတယ်။

အင်္ဂလန်အသင်းက အဆင့် ၁၃ မှ ၁၄ သို့ ကျဆင်းသွားခဲ့ပြီး မြန်မာအသင်းမှာလည်း အဆင့် ၁၅၉ မှ ၁၇၂ သို့ ကျဆင်းသွားခဲ့ပါတယ်။ အီဂျစ်အသင်းက အဆင့် ၂၃ နေရာမှ ၂၀ ထိ ခုန်တက်လာခဲ့ပြီး အာရပ်နှင့်အာဖရိကနိုင်ငံအသင်းတွေကို ဦးဆောင်နေပါတယ်။

အာရှမှာ အီရန်အသင်းက ကမ္ဘာ့အဆင့် ၃၃ နဲ့ ဦးဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် ထိပ်ဆုံး (၁၀) သင်း (၁) အာဂျင်တီးနား၊ (၂) ဘရာဇီးလ်၊ (၃) ဂျာမနီ၊ (၄) ချီလီ၊ (၅) ဘယ်လ်ဂျီယံ၊ (၆) ပြင်သစ်၊ (၇) ကိုလံဘီယာ၊ (၈) ပေါ်တူဂီ၊ (၉) ဥရုဂွေး၊ (၁၀) စပိန်။ ***mizzima*** ■

## အင်္ဂလိပ်ကစားသမားများက ဈေးနှုန်းမြင့်မားလွန်း ဟု ဂွာဒီယိုလာ ပြော



နည်းပြ ဂွာဒီယိုလာက သူဟာ မန်စီးတီးအသင်းဆီ အင်္ဂလိပ်ကစားသမားတွေ ပိုမိုခေါ်ယူလိုပေမယ့် သူတို့ရဲ့ အပြောင်းအရွှေ့ကုန်ကျစရိတ်မှာမြင့်မားလွန်းတယ်လို့ ပြောကြားခဲ့ပါတယ်။

မန်စီးတီးအသင်းက ဩဂုတ်လက အဲဗာတန်အသင်းက ခေါ်ယူခဲ့တဲ့ အင်္ဂလန်အသင်း နောက်ခံလူ စတုန်းရဲ့ အပြောင်းအရွှေ့ကုန်ကျစရိတ်မှာ ပေါင် ၄၇.၅ သန်းရှိပြီး အသင်းလူစာရင်းမှာ ၅ ယောက်မြောက် အင်္ဂလိပ် ကစားသမားဖြစ်ပါတယ်။

"ကျနော် အင်္ဂလိပ်ကစားသမားတွေကိုခေါ်ယူရယူချင်ပါတယ်။ ဒါပေမယ့် သူတို့က ဈေးအရမ်းကြီးလွန်းပါတယ်" လို့ ဂွာဒီယိုလာက ပြောပါတယ်။

"အင်္ဂလိပ်ကစားသမားတွေနဲ့ အတူ ကစားချင်ပါတယ်။ ကျနော် ဘာစီလိုနာမှာရှိခဲ့ချိန်ကပြည်တွင်းကစားသမားတွေနဲ့ကစားဖို့ နှစ်သက်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ အထူးကောင်းမွန်တဲ့ အရာတစ်ခုခုလို့ ခံစားရပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ဒါဟာ မဖြစ်နိုင်ပါဘူး။"

မန်စီးတီးအသင်း ပထမလူစာရင်းဟာစတုန်း၊စတာလင်၊ဖေဘီယံဒေါ့ဖ်၊ ၁၉ နှစ်အရွယ် နောက်ခံလူ အာဒါရာဘိုင်အိုယိုးနှင့် အရံဂိုးသမား အန်ဂစ်ဂန်းတို့ကို ပိုင်ဆိုင်ထားပါတယ်။ အင်္ဂလန်ဂိုးသမား ဂျိုးဟတ်ဟာ စီးရီးအေ ကလပ် တိုရင်နိုမှာတစ်ရာသီအငှားနဲ့သွားရောက်ကစားနေပါတယ်။

"ဒါပေမယ့် ဈေးကွက်ကတော့ ဈေးကွက်ပါ။ ဒါ့ကြောင့် ကလပ်အသင်းဟာ ကျနော် ဒါမှမဟုတ် ကျနော်မပါဘဲ အကယ်ဒမီကို ရေရှည်လုပ်ဆောင်နေတာဖြစ်ပါတယ်။" လို့ စီးတီးနည်းပြက ဆိုပါတယ်။

***mizzima***

အင်္ဂလိပ်ကစားသမားတွေနဲ့
အတူ ကစားချင်ပါတယ်။
ကျနော် ဘာစီလိုနာမှာ ရှိခဲ့ချိန်က
ပြည်တွင်းကစားသမား
တွေနဲ့ကစားဖို့ နှစ်သက်ခဲ့ပါတယ်